ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တပို့တွဲလကွယ်၊ စနေနေ့။ Saturday, 18 February 2023 ၁၁၀၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင် ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာပြည်သူများနှင့်အတူ မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်ထံမှတစ်ဆင့် ရုရှားပြည်သူများသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

၁၉၄၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ထူးခြားသော ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပိုင်ဆိုင်ထားသည်ကို နှစ်ထောင်းအားရဖွယ် တွေ့ရှိရပါသည်။ နိုင်ငံတကာအခင်းအကျင်းတွင် ပြောင်းလဲမှုများရှိလင့်ကစား မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့သည် ဆက်လက်နွေးထွေး နီးကပ်နေကြဆဲပင်ဖြစ်ပါသည်။ ရုရှားနိုင်ငံ၌ မြန်မာကျောင်းသားများစွာ ပညာသင်ယူခဲ့ကြပြီး နောက်ထပ်ပညာသင်များစွာလည်း ပညာသင်ယူလျက်ရှိသည်နှင့်အတူ နှစ်နိုင်ငံအကြား အထူးကောင်းမွန်သည့် ပြည်သူအချင်းချင်း ဆက်သွယ်မှုများလည်းရှိပါသည်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံကို အရေးကြီးပြီး ယုံကြည်အားထားရသော မိတ်ဖက်နိုင်ငံအဖြစ် အစဉ်မှတ်ယူထားပါသည်။ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် မြန်မာနိုင်ငံ၏ ခက်ခဲသောကာလများတွင် အစဉ်တစိုက်ထောက်ခံပေးမှုအပေါ် မြင့်မားစွာတန်ဖိုးထား ကျေးဇူးတင်ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့်သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် အမြင့်သို့တက်လှမ်းလျက်ရှိနေပါသည်။ မိမိတို့အနေဖြင့် နိုင်ငံရေးအရ ထိတွေ့ဆက်ဆံမှုများနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ တပ်မတော်ပိုင်း၊ နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားစွာ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စစ်မှန်သော သာတူညီမျှမှုနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို အခြေခံသည့် တရားမျှတသော ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းတစ်ရပ် တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အတူတကွ ရပ်တည်လျက်ရှိပါသည်။

မိမိတို့၏ ပူးပေါင်းအားထုတ်မှုများဖြင့် နယ်ပယ်စုံတွင် အပြုသဘောဆောင်သော နှစ်နိုင်ငံထိတွေ့ဆက်ဆံမှုများကို ဆက်လက်တည်ဆောက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ပြီး အာရှ-ပစိဖိတ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယနေ့ ဖတ်စရာ




### ရုရှားဈေးကွက်ခရီးသွားမြှင့်တင်ရေးနှင့် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ

ဆောင်းပါး စာမျက်နှာ » ၆


MANNED FLYING CAR TEST CONDUCTED IN JAPAN

### လူလိုက်ပါစီးနင်းနိုင်ပြီး ပျံသန်းနိုင်သည့် ကားပျံအမျိုးအစား ဂျပန်နိုင်ငံ၌ စမ်းသပ်အောင်မြင်

စာမျက်နှာ » ၁၃



ကြေးမုံ

# မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး မြန်မာ့လူမှုစီးပွားအကျိုးဖြစ်ထွန်း

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ သံတမန်ဆက်သွယ်ထူထောင်မှုသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် (၇၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သံတမန်ဆက်သွယ်ထူထောင်မှု စိန်ရတုကာလတွင် မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေပြီး ကဏ္ဍပေါင်းစုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံလက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ အမြဲတမ်း မိတ်ဆွေနိုင်ငံ၊ အမြဲတမ်း မဟာမိတ်နိုင်ငံအဖြစ် ရပ်တည်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှု အထိမ်းအမှတ်အနေဖြင့် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ကကျင်းပသည့် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က “ မိမိတို့မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံဖြစ်သည်။ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့် တောင်တန်းကြီးများ၊ အလယ်ပိုင်းဒေသတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ကျွန်းစုများ တည်ရှိနေသည့်အတွက် ရေမြေရာသီဥတု လွန်စွာကောင်းမွန်သကဲ့သို့ စားရေရိက္ခာနှင့် သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိသည့် တန်ဖိုးမဖြတ်နိုင်သောနိုင်ငံဖြစ်သည်။ တန်ဖိုးရှိသော ရေမြေရာသီဥတုနှင့် သဘာဝတရားများကို အကျိုးရှိစွာအသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝကပေးထားသော အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သည့်အတွက် စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးကို နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်နေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နည်းပညာနှင့် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်သည်။ အဆိုပါလိုအပ်ချက်ကို ကာလရှည်ကြာ သံတမန်ဆက်ဆံရေးထူထောင်ထားသည့် မိတ်ကောင်းဆွေကောင်း ရုရှားနိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။ ယခု (၇၅)နှစ်မြောက် စိန်ရတုသံတမန်ဆက်သွယ်ထူထောင်မှုကာလတွင် အဓိကအားဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ နျူကလီးယားစွမ်းအင်နည်းပညာများ တိုးတက်ထွန်းကားလာရေးကို အထောက်အကူဖြစ်မည့် နျူကလီးယားစွမ်းအင်ဆိုင်ရာ သတင်းအချက်အလက်စင်တာတစ်ခုဖွင့်လှစ်ထားပြီး အဆိုပါနည်းပညာဖြင့် လူမှုစီးပွားဘဝနယ်ပယ်များတွင် ငြိမ်းချမ်းစွာအသုံးပြုတတ်အောင် အသိပညာဗဟုသုတများ မျှဝေဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နှစ်နိုင်ငံ ကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်နိုင်ရေး၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍဆိုင်ရာတို့သာမက ကဏ္ဍပေါင်းစုံတွင် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံ၏အကျိုးကို လိုလားသည့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို လက်တွဲပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိသည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပေါ် အမျိုးမျိုးသောဖိအားများ၊ ဝေဖန်မှုများ၊ နှောင့်ယှက်မှုများရှိနေသည့်ကြားတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းကူညီ လက်တွဲဆောင်ရွက်ပေးကြသည့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆောင်ရွက်လျက်ရှိရာ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်း မဟာမိတ်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံနှင့် (၇၅) နှစ်မြောက် စိန်ရတုသံတမန်ဆက်သွယ်ထူထောင်မှုကာလတွင် မြန်မာ့လူမှုစီးပွားအကျိုးဖြစ်ထွန်းမှုကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၅၃၅ | ၄,၅၄၇,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၇၃၃ | ၂,၃၁၈,၅၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၂၅၆ | ၂,၂၆၀,၈၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၀၅ | ၂၆၇,၇၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁၈ | ၅၇၈,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၆၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၈၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၅၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၃၃.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၇.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Vladimir Putin နှင့် ဝန်ကြီးချုပ် H.E. Mr. Mikhail Mishustin တို့အကြား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့အကြား၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr. Nikolay Patrushev တို့အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

☆ ရှေ့ဖုံးမှ

နှစ်နိုင်ငံအဆင့်မြင့် အပြန်အလှန်ခရီးစဉ်များနှင့် နယ်ပယ်စုံ အဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာခြင်းက နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရလဒ်ကောင်းများကို ဖြစ်ထွန်းစေခဲ့သည်ကိုလည်း မိမိအနေဖြင့် ဝမ်းမြောက်ပါသည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် မိမိ၏ခရီးစဉ်အတွင်း၌ မိမိတို့နှစ်ဦးလုံးသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ပိုမိုမြှင့်တင်သွားရန် သဘောတူခဲ့ကြသည်ကို ဝမ်းမြောက်စွာ အမှတ်ရမိပါသည်။ များမကြာမီကာလအတွင်း စိန့်ပီတာစဘတ်မြို့နှင့် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်မားသည့် အဆင့်တစ်ခုသို့ မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

၂၀၂၃ ခုနှစ်သည် နှစ်နိုင်ငံဆက်ဆံရေး သမိုင်းမှတ်တိုင်တစ်ရပ်ကို အမှတ်ရဖော်ကျူးရန် အခါသမယတစ်ခုအဖြစ်သာမက နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားသစ်လောင်းနိုင်မည့် အချိန်အခါတစ်ခုလည်းဖြစ်ပါသည်။ ယခုတစ်နှစ်တာကာလပတ်လုံး နှစ်နိုင်ငံတွင် ကျင်းပရန်လျာထားသည့် အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကလည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် လမ်းခင်းပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အရေးပါသည့်အခါသမယတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ယင်းဒေသအပြင်ဘက် တည်ငြိမ်သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေမည့် ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်သွားရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည့် မြန်မာနိုင်ငံအစိုးရ၏ ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံနှင့် ပြည်သူများ ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် မြန်မာနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ရုရှားနိုင်ငံအစိုးရအဖွဲ့ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

ဆိုဗီယက်ပြည်ထောင်စုသည် မြန်မာနိုင်ငံ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် ပထမဆုံးသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်နိုင်ငံများတွင် အပါအဝင်ဖြစ်ပါသည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဘုံအကျိုးစီးပွားဖြစ်ထွန်းစေသည့် နယ်ပယ်ကဏ္ဍစုံတွင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ယခုအခါသမယသည် မိမိတို့၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေး ကျယ်ပြန့်သည့်အလားအလာများ ဖြစ်ထွန်းစေနိုင်ရန်တို့အတွက် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ လာမည့်နှစ်များတွင် မိမိတို့ ပူးပေါင်းကြိုးပမ်းမှုများဖြင့် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်မှန်းပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် အဆွေတော် ကျန်းမာ၊ ပျော်ရွှင်ပါစေကြောင်း၊ အနာဂတ်လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရုရှားနိုင်ငံ အစဉ်တိုးတက်၊ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင်ထံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရကိုယ်စားနှင့် မိမိကိုယ်တိုင်အနေဖြင့် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ တစ်ဖက်နှင့်တစ်ဖက် အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမှု"မှု"များပေါ်တွင် အခြေခံကြောင်း အလေးအနက်ထား ပြောကြားလိုပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် တဖြည်းဖြည်း တိုးတက်လျက်ရှိပါသည်။ စွမ်းအင်၊ စက်မှု၊ ပို့ဆောင်ရေး၊ ပညာရေးနှင့် အဆင့်မြင့်နည်းပညာနယ်ပယ်များတွင် ပူးတွဲစီမံကိန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။

နှစ်နိုင်ငံအစိုးရများအကြား တက်ကြွစွာပူးတွဲလုပ်ဆောင်နေမှုများသည် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရေးနှင့် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေသော လုပ်ငန်းများ တိုးမြှင့်ရေးတို့အတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်နိုင်မည်လည်း ဖြစ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုသစ်များ ရရှိပါစေကြောင်းနှင့် မြန်မာနိုင်ငံသားများအားလုံး ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သပါသည်။

လွန်ခဲ့သော (၇၅) နှစ်တာကာလတွင် မြန်မာနှင့်ရုရှားနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းတန်ဖိုးထားခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဒေသတွင်းနှင့် အာဆီယံ၊ အေဆမ်နှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာများတွင် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများရှိသည့်အပေါ်တွင်လည်း များစွာ ကျေနပ်အားရမိပါသည်။

မိမိတို့အနေဖြင့် နှစ်နိုင်ငံသံတမန် ဆက်သွယ်ထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအခါသမယကို ဆင်နွှဲလျက်ရှိသည့် အားလျော်စွာ ရှေ့လာမည့်နှစ်များအတွင်း နှစ်နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ညီညွတ်နိုင်းပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် မျှော်လင့်ပါသည်။ တစ်ဆက်တည်းမှာပင် မိမိတို့ဝန်ကြီးဌာနနှစ်ခုနှင့် နှစ်နိုင်ငံအကြားရင်းနှီးချစ်ကြည်၍ ပူးပေါင်းဆောင်ရွက်တတ်သော ဆက်ဆံရေးကို ခိုင်မာစေရန်အတွက် အဆွေတော်နှင့်အတူ ပူးတွဲအားထုတ်မှုများ လုပ်ဆောင်သွားရန် မိမိအနေဖြင့်အသင့်ရှိကြောင်း ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာ၊ ပျော်ရွှင်ပါစေကြောင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပြည်သူများ ရေရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့ထံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ပေးပို့သည့်သဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် အဆွေတော်အား လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တည်ဆောက်ခဲ့သည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံသည့် နှစ်နိုင်ငံဆက်ဆံရေးသည် နယ်ပယ်ကဏ္ဍစုံတွင် တဖြည်းဖြည်းတိုးတက်လျက်ရှိပါသည်။ ယုံကြည်အားထားရသော နိုင်ငံရေးဆွေးနွေးမှုများနှင့် ဦးစားပေးကဏ္ဍများတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်လာနိုင်ခြင်းတို့ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကာလအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံမှုက သက်သေထူနိုင်ခဲ့သည့်အပေါ် ဝမ်းမြောက်စွာ မှတ်သားမိပါသည်။

နိုင်ငံတကာနှင့်ဒေသတွင်း အရေးကြီးကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ချိတ်ဆက်ဆောင်ရွက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများတွင် ညှိနှိုင်းကြိုးပမ်းမှုများ ပိုမိုခိုင်မာစေနိုင်ရန် မိမိတို့က အထူးအလေးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ဥရောပ အာရှစီးပွားရေးသမဂ္ဂတို့သို့ ပါဝင်ဆောင်ရွက်လိုခြင်းသည် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်တစ်ရပ် ဖြစ်ထွန်းလာစေပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသ တစ်ခုလုံး၏ လုံခြုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များအားလုံး ကျန်းမာရွှင်လန်း၍ လုပ်ငန်းတာဝန်များတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမျက်နှာ ၄ သို့ ☆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၂၃ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပူဂင့်ကမ်းလျန် အစား ဒေါက်တာမှုထန် အား အစားထိုး ခန့်အပ်လိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၂၄ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအေးကျော် အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

☆ စာမျက်နှာ ၃ မှ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပက်တ်ထရူးရှက်ဗ်ထံသို့ ပေးပို့သည့် သဝဏ်လွှာ**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကျရောက်သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စားနှင့် မိမိတို့မှ အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-ရုရှားပူးပေါင်းဆောင်ရွက်မှုသည် အစဉ်လာအရ ခိုင်မြဲသော ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ အပေါ် အခြေခံထားကြောင်း ယခုကဲ့သို့ မင်္ဂလာရှိသောအခါသမယတွင် ထပ်လောင်းပြောကြားလိုပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော် အတွင်း မိမိတို့အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆောင်ရွက်မှု ကဲ့သို့သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှတစ်ဆင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိခဲ့ပါသည်။

နှစ်နိုင်ငံအပြန်အလှန်ထိတွေ့မှုများနှင့် ကာကွယ်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်အပါအဝင် ကဏ္ဍစုံရှိ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် သာယာဝပြောမှုအတွက် တိုးတက်ခိုင်မာလျက် ရှိကြောင်း အခွင့်ကြုံခိုက် အလေးထားပြောကြားလိုပါသည်။

နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက် ခိုင်မာစေရန်နှင့် အာရှပစိဖိတ်ဒေသနှင့် ကမ္ဘာ့ရေးရာများတွင် ပူးပေါင်း ဆောင်ရွက်သည့်နည်းလမ်းများဖြင့် လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှု တိုးမြင့်စေရေးကြိုးပမ်းရန် ကတိကဝတ်ကိုလည်း ထပ်လောင်း အတည်ပြုအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ရုရှားပြည်သူများ အားလုံး အောင်မြင်ပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပက်တ်ထရူးရှက်ဗ် ထံမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံသို့ ပေးပို့သည့် သဝဏ်လွှာ**

မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅)နှစ်မြောက် အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သ အပ်ပါသည်။

မြန်မာ-ရုရှားဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဝိသေသလက္ခဏာ ရှိပြီး တစ်ဖက်နှင့်တစ်ဖက် အကျိုးစီးပွားကို လေးစားမှုပေါ်တွင် အခြေခံပါသည်။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည် မိမိတို့ပြည်သူများ သာယာဝပြောရေးနှင့် အာရှ-ပစိဖိတ်ဒေသတစ်ခုလုံး၏ တည်ငြိမ်မှုကို ထိန်းသိမ်းရေးတို့တွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့၏ အပြုသဘောဆောင်သည့်ဆွေးနွေးပွဲမှုများ ဆက်လက် ပြုလုပ်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်မှ ၂၅ ရက်အထိ မော်စကိုမြို့တွင်ကျင်းပမည့် (၁၁)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များ ဆိုင်ရာ အဆင့်မြင့်တာဝန်ရှိသူ အရာရှိကြီးများအစည်းအဝေးတွင် အဆွေတော်နှင့် လူကိုယ်တိုင် တွေ့ဆုံနိုင်ရန် မျှော်လင့်လျက်ရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ထပ်မံ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါသည်။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation(Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ရှိ SHWE Phase 3 Development ဧရိယာတွင် Offshore Jacket Installation လုပ်ငန်းများအား HYUNDAI 2500 နှင့် အထောက်အကူပြုရေယာဉ်များဖြစ်သော LANPAN 26, LANPAN 34 တို့ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၁၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၂၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၇၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၇၆ စက္ကန့် တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ရှိ SHWE Phase 3 Development ဧရိယာတွင် Offshore Jacket Installation လုပ်ငန်းများအား HYUNDAI 2500 နှင့် အထောက်အကူပြုရေယာဉ်များဖြစ်သော LANPAN 26, LANPAN 34 တို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ထန်းတပင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ထန်းတပင် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးတရာကျေးရွာ၌



စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ထိန်နှစ်ပင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်ဂဝံလမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများသည် ဝါးတရာကျေးရွာရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ထိန်နှစ်ပင်ကျေးရွာရှိ တင်ဒါအောင်ကုမ္ပဏီက ကုန်ထုတ်ဂဝံလမ်း အရှည် ၁ မိုင် ၂ ဒသမ ဖာလုံ၊ အကျယ် ၁၂ ပေ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ဆန်ဈေးနှုန်းများ ယခင်လထက် ပိုမိုမြင့်တက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကျောက်မဲမြို့နယ်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆန်ဆိုင်များမှ စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံပြီး လက်ရှိဆန်ဈေးနှုန်းအခြေအနေများကို စုံစမ်းမေးမြန်းခဲ့ရာ ဆန်ကြမ်းတစ်အိတ်လျှင် ပျမ်းမျှအားဖြင့် ငွေကျပ် ၇၀၀၀ ခန့် မြင့်တက်လျက်ရှိပြီး ဆန်ချောတစ်အိတ်လျှင် ပျမ်းမျှအားဖြင့် ငွေကျပ် ၁၅၀၀၀ ခန့်အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဆန်အမျိုးအစားများအလိုက် ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေး(အသစ်) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀၊ မနောသုခ ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ဒေသရှမ်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ မဂျမ်းတော ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ နှင့် မှော်ဘီစူပါ ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

DOCA(ရှမ်း)

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။**

# လျင်မြန်စွာ ပြောင်းလဲနေသည့် နည်းပညာနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လူ၊ ပစ္စည်း၊ နည်းပညာတို့ ဟန်ချက်ညီစွာ တိုးတက်ရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ “Safe ICT Services” စကားဝိုင်းအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနား၌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ICT– Information & Communication Technology ဝန်ဆောင်မှုကို စိတ်ချစွာအသုံးပြုနိုင်ရေးနှင့် တိုးတက်ကောင်းမွန်လာစေရေးသည် နိုင်ငံတော်၏ Digital Economy ဆောင်ရွက်ရေးအတွက် အရေးကြီးကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေရမည်ဖြစ်ကြောင်း၊ e–Government သည် နိုင်ငံတော်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသလို ဆိုက်ဘာလုံခြုံရေးသည်လည်း အထူးအရေးကြီးလာကြောင်း၊ သတင်းမှားများ၊ ဆိုက်ဘာအလွဲသုံးမှု၊ ဆိုက်ဘာမှုခင်းများကို တားဆီးကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်သွားရန် လိုအပ်သလို တစ်ဖက်ကလည်း နည်းပညာဖြင့် ထိန်းကျောင်းဆောင်ရွက်နိုင်ရေးလိုအပ်ကြောင်း၊ ဆောင်ရွက်နေသည့် ICT ဝန်ဆောင်မှုများကို ပကတိအခြေအနေများအပေါ် အခြေခံပြီး မှန်မှန်ကန်ကန်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် ရေရှည်တည်တံ့ပြီး အမှီအခိုကင်းသည့် ICT Services နှင့် e–Government Solution ကောင်းများ ပေါ်ထွက်လာစေရေးအတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ICT Services များ အသုံးပြုရာတွင် ထုတ်ပြန်ထားသော Standard Operating Procedure (SOP) များနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသည့် နည်းပညာနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် လူ၊ ပစ္စည်း၊ နည်းပညာတို့ ဟန်ချက်ညီစွာ တိုးတက်ရန် လိုအပ်ကြောင်း၊ အရေးအကြီးဆုံးအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ စကားဝိုင်းအလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့မှ သတင်းအချက်အလက် နည်းပညာအရာရှိချုပ်(Chief Information Officer–CIO)များနှင့် လက်ထောက် သတင်းအချက်အလက် နည်းပညာအရာရှိချုပ်(Assistant Chief Information Officer – ACIO)များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ တတ်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က နှုတ်ခွန်းဆက် အမှာစကား ပြောကြားကြသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသည့် အချက်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ အဆိုပြုတင်ပြပြီးနောက် ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို တစ်ချက်ချင်း အလိုက် အလွတ်သဘော ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပြုချက်များအပေါ် တက်ရောက်လာသူများက မိမိတို့၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် နိုင်ငံရေးပါတီအစုအဖွဲ့ ပြန်လည်ပြင်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ဖွဲ့စည်းပေါ်ပေါက်လာမည့်နိုင်ငံရေးပါတီများ တည်ထောင်ပြီးနောက်ပိုင်း ယခုကဲ့သို့ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့အား ပြန်လည်ဖွဲ့စည်းနိုင်မည့် အခြေအနေကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ယနေ့တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်ဖက်ဆွေးနွေးချက်များအရ ရရှိလာသည့် သဘောထားများအား သဘောထား စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာနှင့် တိုင်းရင်းသားရေးရာ စာအုပ်များကို လက်ဆောင်ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# မိုးနဲမြို့နယ်၌ ဆောင်းသီးနှံ နေကြာစံပြကွက် ရိတ်သိမ်း

မိုးနဲ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စုရှိ



ကွင်းအမှတ် ၃၀ တောင်သူ ဒေါ်ပါကျီ၏တစ်ဧကနေရာ၌ ကောင်း၊ သင့်၊ ညှိ နေရာအလိုက် ဆောင်းသီးနှံနေကြာ ၆ ဒသမ ၆ပေ စံကွက်ရိတ်သိမ်းခဲ့ရာ ၅၀ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးတို့က နေကြာသီးနှံစိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ သွင်းအားစုများ ပံ့ပိုးပေးနေမှု၊ သီးနှံများစိုက်ပျိုးရာတွင် နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးနိုင်ရေး တောင်သူပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ဝိုးတောင်း

# လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၇

ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက လျှပ်စစ်လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာဦးမျိုးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဒု/လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသား ၂၁ ဦး၊ စာရင်းကိုင်–၄ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသား ၂၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

၁၄၄

(၇၅) နှစ်မြောက် မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး အထိမ်းအမှတ်ဆောင်းပါး

# ရုရှားဈေးကွက်ခရီးသွားမြှင့်တင်ရေးနှင့် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ

ခရီးသွားလုပ်ငန်းသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာ ဝန်ဆောင်မှုများဖြည့်ဆည်းပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ချမ်းမြေ့သာယာရေး၊ အတွေ့အကြုံသစ်များနှင့် နိုင်ငံကိုယ်စားပြု အမှတ်တရပစ္စည်းများ ဖန်တီးရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသဖြင့် လုပ်ငန်းကဏ္ဍ ကျယ်ပြန့်များပြားသည့်နည်းတူ မိမိတို့၏ သဘာဝရှိရင်းစွဲအရင်းအမြစ်များကို အခြေခံ၍ နိုင်ငံခြားငွေအမြောက်အမြားကို ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများသည် အလွှာပေါင်းစုံသို့ စီးဝင်သက်ရောက်မှုရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။

**မျိုးမျိုးသန်း(ဟိုတယ် / ခရီး)**

### ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများဖြစ်ရန် အဓိကကျသောမူဝါဒများ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအားဖြင့် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများရှိခြင်း (Attraction)၊ သွားလာမှုလွယ်ကူခြင်း (Accessibilities)၊ တည်းခိုနေရာထိုင်ခင်းရှိခြင်း (Accommodation)နှင့် စီမံခန့်ခွဲမှုရှိခြင်း (Administration) စသည်တို့နှင့် ပြည့်စုံရန် လိုအပ်သည်။ ပြောင်းလဲလာသောဈေးကွက်အရ ဧည့်သည်များ၏ လိုအပ်မှုကို ဖြည့်ဆည်းပေးမည့် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများဖြစ်ရန် အဓိကကျသောမူဝါဒများမှာ ဆက်သွယ်ရေးဆိုင်ရာမူဝါဒ (Communication Policy)၊ ခရီးစဉ်ရောင်းချရေးမူဝါဒ (Product Policy)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (Environment Policy)၊ ယှဉ်ပြိုင်နိုင်ရေး စံနှုန်းပြည့်ဝမှုမူဝါဒ (Competitiveness Quality & Efficiency Policy)၊ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေခြင်းမူဝါဒ (Tourism Marketing Strategy Policy)တို့ ဖြစ်သည်။

ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဈေးကွက်မြှင့်တင်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ပေါင်းစပ်ပြီး ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေခြင်း၏ အခြေခံမူလေးခုဖြစ်သော ခရီးစဉ်ဒေသ၊ နေရာ၊ ဈေးနှုန်း၊ အရောင်းမြှင့်တင်ခြင်းတို့အပေါ်မူတည်၍ စီမံကိန်းများ ရေးဆွဲကြသည်။ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၏ ဈေးကွက်မြှင့်တင်ခြင်းသည် ခရီးသွားများအတွက် ဦးတည်ရာဈေးကွက်၌ ဝန်ဆောင်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ခြင်း၏ သမားရိုးကျနည်းလမ်းများမှာ ကြော်ငြာခြင်း၊ တိုက်ရိုက်ဆက်သွယ်ခြင်း၊ ရောင်းချခြင်းတို့ဖြစ်ပြီး နိုင်ငံတကာခရီးသွားပြပွဲများတွင် နိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများအား ဝင်ရောက်ပြသခြင်း၊ အဓိကခရီးသွားဈေးကွက်နိုင်ငံများတွင် မိမိတို့နိုင်ငံ ခရီးစဉ်ဒေသနှင့် ယဉ်ကျေးမှုပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများ၊ ခရီးသွားဆောင်းပါးရေးသားသူများ၊ Travel Blogger များအား ဖိတ်ကြား၍ ချစ်ကြည်ရင်းနှီးမှုခရီးစဉ် (Familiarization Trip) များ ဆောင်ရွက်ခြင်း၊ Social Media များမှတစ်ဆင့် ထိရောက်စွာမြှင့်တင်ကြော်ငြာခြင်း၊ နိုင်ငံတကာ လေကြောင်းလိုင်းများ၏ Inflight Magazine များတွင် ခရီးစဉ်ဒေသများအကြောင်း ကြော်ငြာခြင်း အစရှိသည့် အစီအစဉ်တို့ လုပ်ဆောင်ကြသည်။




၂၀၁၈ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပသည့် (၂၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာ ခရီးသွားပြပွဲ ဖွင့်ပွဲကျင်းပစဉ်။

ခရီးသွားလုပ်ငန်းသည် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ ဌာနအားလုံးနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသောကြောင့် မြန်မာနိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေး၊ ရှိပြီးသားခရီးစဉ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအတွင်း လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေးတို့အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်ချဲ့ထွင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိစေရန်နှင့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာခရီးသွားပြပွဲများတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ညီနောင်အသင်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းပါဝင်ပြသလျက်ရှိသည်။ နှစ်စဉ်အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်၊ မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ၊ ဘာလင်အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ၊ ထိုင်းခရီးသွားပြပွဲ၊ ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲ၊ ဂျပန်ခရီးသွားပြပွဲ၊ ကမ္ဘာ့ခရီးသွားပြပွဲ၊ တရုတ်နိုင်ငံတကာခရီးသွားပြပွဲ၊ အာဆီယံ–တရုတ် ခရီးသွားပြပွဲ၊ အာဆီယံ–ကိုရီးယား ယဉ်ကျေးမှုနှင့် ခရီးသွားပြပွဲ အစရှိသည့်ပြပွဲများ၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါသည် Information Technology ခေတ်ဖြစ်သောကြောင့် သမားရိုးကျ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းမှ အထိရောက်ဆုံးဖြစ်သော၊ နည်းပညာသုံး ဈေးကွက်မြှင့်တင်ရေးဖြစ်သော Digital Marketing နည်းဖြင့် ခရီးသွားဆွဲဆောင်မှုများကိုမြှင့်တင်ရန် ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.tourism.gov.mm နှင့် WebPortal www.tourisminmyanmar.com.mm တို့ကို ဘာသာစကား(၁၁)မျိုး (မြန်မာ၊အင်္ဂလိပ်၊ ရုရှား၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်)တို့ဖြင့် လွှင့်တင်ထားရှိသည်။ မြန်မာနိုင်ငံသို့ လာရောက်သော ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာပွဲတော်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို အလွယ်တကူရှာဖွေနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရှိသော ဝန်ကြီးဌာန၏ Information Counter များတွင် Digital Signage များထားရှိခြင်း၊ QR Code စနစ်ထားရှိခြင်း၊ Mobile Application များကို ရေးဆွဲခြင်း၊ Social Media Platforms များဖြစ်သော Facebook၊ Twitter၊ Instagram စသည်တို့ဖြင့် လွှင့်တင်ကြော်ငြာခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

> **မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားလုပ်ငန်းအရင်းအမြစ်များနှင့် မြန်မာ-ရုရှားနှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး အလားအလာကောင်းများကိုအခြေခံ၍ ရုရှားဈေးကွက်တွင် မြန်မာနိုင်ငံခရီးသွားထုတ်ကုန်များကို မြှင့်တင်ကြော်ငြာရောင်းချနိုင်ရန် ရည်ရွယ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Crocus Expo Centre ၌ ၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသမည်**

### ရုရှားနိုင်ငံ၌ ကျင်းပသော ခရီးသွားပြပွဲများ၌ ခင်းကျင်းပြသ

ရုရှားဈေးကွက် ခရီးသွားမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသများအကြောင်းကို ရုရှားဘာသာဖြင့် ရေးသားထားသော Welcome to the Golden Land လက်ကမ်းစာစောင်များ၊ Mingalabar စာအုပ်တို့ကိုထုတ်ဝေ၍ နိုင်ငံတကာ ခရီးသွားပြပွဲများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ၊ ရုရှားနိုင်ငံ၌ ကျင်းပသော ခရီးသွားပြပွဲများ၌ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော မော်စကိုနိုင်ငံတကာ ခရီးသွားပြပွဲသို့ ၂၀၁၅ ခုနှစ်နှင့်၂၀၁၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ခရီးသွားပြခန်း ပါဝင်ပြသခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ Expo Centre တွင် ကျင်းပပြုလုပ်ခဲ့သော (၂၅) ကြိမ်မြောက် မော်စကိုနိုင်ငံတကာ ခရီးသွားပြပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ အစိုးရ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၅ ဦးဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းကို မြန်မာနိုင်ငံခရီးသွားထုတ်ကုန် ခရီးစဉ်ဒေသများအား ပြသခဲ့သည်။

### ကမ္ဘာ့နံပါတ်(၅)အဆင့်ရှိ ခရီးသွားပြပွဲ

မော်စကို နိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားနှင့် အရှေ့ဥရောပတွင်ကျင်းပသော ကမ္ဘာ့ခရီးသွားပြပွဲများအနက် ကမ္ဘာ့နံပါတ် (၅) အဆင့်ရှိ ခရီးသွားပြပွဲဖြစ်သည်။ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များသည် မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုရှားခရီးသွားဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်နှင့် ရုရှားခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ခရီးသွားလုပ်ငန်းရှင်များ တွေ့ဆုံနိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။ (၂၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ Top Tourist Destination နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၈၂ နိုင်ငံရှိ ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ၇၀ ကျော်ခန့်မှ ပြခန်းပြသူပေါင်း ၂၀၀၀ ကျော်ခန့် ပါဝင်ပြသခဲ့ပြီး ပြပွဲလာရောက်ကြည့်ရှုသူ စုစုပေါင်း ၂၃၀၀၀ တို့အား ခရီးသွားလုပ်ငန်းထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့ကို မြှင့်တင်ကြော်ငြာ၍ ရောင်းချခဲ့ကြသည်။

မော်စကို နိုင်ငံတကာခရီးသွားပြပွဲကာလအတွင်း ပြခန်းများ ခင်းကျင်းပြသရာတွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့များ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဟိုတယ်နှင့် တည်းခိုနေထိုင်ရေး၊ Online booking စနစ်၊ လေကြောင်းလိုင်းများနှင့် Medical Tourism ပြခန်းများအား ကမ္ဘာ့ဒေသများ၊ နိုင်ငံများအလိုက် နေရာခွဲ၍ပြသခြင်း၊ ပြခန်းများတွင် ခရီးသွားများကို ဆွဲဆောင်ရာနေရာများ၊ ခရီးသွားအာမခံလုပ်ငန်းများ၊ ယာဉ်ငှားရမ်းမှု၊ ခရီးသွားလုပ်ငန်းပညာရေး၊ ပစ္စည်းဝယ်ယူမှု၊ ပြည်ပနိုင်ငံများတွင် အိမ်ခြံမြေငှားရမ်းမှုနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုဆိုင်ရာ အချက်အလက်များကိုလည်း ပြသထားသည်။ ပြပွဲကျင်းပသည့်ကာလအတွင်း ဆွေးနွေးပွဲများ၌ ခရီးသွားလုပ်ငန်းဈေးကွက်ဆိုင်ရာ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီဌာနချင်း ဆက်သွယ်ရေးနှင့် ခရီးသွားများနှင့် ချိတ်ဆက်ဝန်ဆောင်မှုပေးရေးဆိုင်ရာ ကိစ္စများ၊ မီဒီယာများမှတစ်ဆင့် ခရီးသွားများအား ချိတ်ဆက်ဆွဲဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေနိုင်မှု၊ နိုင်ငံတစ်နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးအခြေအနေ၊ ငွေကြေးခိုင်မာမှု ရှိ/မရှိ၊ သွားလာနေထိုင်စားသောက်ရေး လွယ်ကူချောမွေ့မှု ရှိ/မရှိ စသည့်အချက်များက ခရီးသွားလုပ်ငန်းအပေါ် စာမျက်နှာ ၇ သို့

❐ စာမျက်နှာ ၆ မှ

အကျိုးသက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြပွဲတက်ရောက်သူ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ဗီဇာကန့်သတ်ချက် လျှော့ပေါ့ပေးနိုင်မှုနှင့် ကင်းလွတ်ခွင့်ပြုနိုင်မှုတို့၏ အရေးပါပုံ၊ ရုရှားခရီးသွားများ သွားရောက်လေ့ရှိသည့် ကမ္ဘာပေါ်ရှိ ခရီးသွားနေရာများ၊ လုပ်ငန်းဈေးကွက်များအခြေအနေ၊ ခရီးသွားများ၏ ငွေကြေးသုံးစွဲမှုအနေအထား၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရာတွင် ခရီးစဉ်၊ သွားရောက်မည့်နေရာ၊ လူလတ်တန်းစားများ ခရီးသွားလာမှုအပေါ် စိတ်ဝင်စားမှု၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ အစားအသောက်များအရေးပါပုံ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် နေရာထိုင်ခင်း၊ အစားအသောက်၊ အမှတ်တရပစ္စည်းများ ရောင်းချမှု စသည့်ကဏ္ဍများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

## မြန်မာနိုင်ငံကိုယ်စားပြုပြခန်း

ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသရာ၌ ခရီးသွားဆွဲဆောင်မှုများအဖြစ် ထင်ရှားသော ခရီးစဉ်ဒေသများဖြစ်သည့် ရွှေတိဂုံဘုရား၊ မန္တလေးနန်းတော်နှင့် ကျုံးအလှ၊ မြိတ်ကျွန်းစု၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသ၊ ငေါ်ရန်ဂျီကျွန်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ဆင်နွှဲနေကြသည့်ရုပ်ပုံများဖြင့် ပုံဖော်ပြသခြင်း၊ မြန်မာ့အနုပညာလက်ရာများဖြစ်ကြသော ရုပ်သေးရုပ်များ၊ ပန်းချီကားများပြသခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း Brand ဖြစ်သော Myanmar: Let the Journey Begin ကို ကြော်ငြာခြင်း၊ ဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များအား ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ဝေထားသောစာအုပ်စာစောင်များနှင့် မြန်မာနိုင်ငံ ခရီးစဉ်ဒေသများကို ရိုက်ကူးထားသော ဗီဒီယိုခွေများ ခင်းကျင်းပြသခြင်း၊ ပြခန်းသို့လာရောက်သော ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် စိတ်ပါဝင်စားသူများအား ခရီးစဉ်များအတွက် ဗီဇာကိစ္စများ၊ ခရီးသွားဆွဲဆောင်မှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခြင်း၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကုမ္ပဏီများမှလည်း ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြုပြခန်းတွင် ရုရှားနိုင်ငံအခြေစိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းမီဒီယာများ၊ ခရီးသွားမဂ္ဂဇင်းကုမ္ပဏီများမှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ဆွေးနွေးမှုအရ မြန်မာနိုင်ငံသို့ ရုရှားခရီးသွား ရောက်ရှိမှုအရေအတွက် နည်းပါးရခြင်းအကြောင်းရင်းများတွင် ရုရှားနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံအကြောင်းသိရှိရန် သတင်းအချက်အလက်များ ဖြန့်ဝေရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများအကြောင်းနှင့် အတွေ့အကြုံများကို ရုရှားဘာသာဖြင့် ကြော်ငြာပေးမည့် ခရီးသွားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများကို ချစ်ကြည်ရင်းနှီးမှုခရီးစဉ်များ ဖိတ်ခေါ်ခြင်း၊ ရုရှားနိုင်ငံတွင် ပြန်လည်မျှဝေခြင်းဖြင့် ခရီးသွားရန်ဆွဲဆောင်နိုင်မှု၊ ရုရှားနိုင်ငံသားများသည် ပင်လယ်ကမ်းခြေ ခရီးစဉ်ဒေသများနှင့် စွန့်စားခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရန် စိတ်ဝင်စားမှုကို သိရှိရသည်။

ရုရှားနိုင်ငံသားများ ပြည်ပနိုင်ငံများသို့ ခရီးစဉ်များ သွားရောက်လည်ပတ်မှုနှင့်ပတ်သက်၍ အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ အများဆုံးသွားရောက်လည်ပတ်ကြသည်ကို တွေ့ရှိရသည်။ အဆိုပါနိုင်ငံများ၏ ရုရှားခရီးသွားဈေးကွက် မြှင့်တင်ရေးတွင် ရုရှားနိုင်ငံရှိ ခရီးသွားလာရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ ယဉ်ကျေးမှုခရီးသွားလာရေးနှင့် ကုန်သွယ်ရေးပြပွဲများကို မော်စကိုမြို့တွင် ကျင်းပခဲ့ရာ ရုရှားခရီးသွားဧည့်သည်များ ဝင်ရောက်လာသောကြောင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည် ပိုမိုလာရောက်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံမြို့ကြီးများသို့ Road Show များကျင်းပခြင်း၊ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း စသည့်ရုရှားဈေးကွက် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်သင့်ကြောင်း သိရှိရသည်။

ထို့ပြင် မြန်မာ့သဘာဝအလှအပများကို ရုရှားခရီးသွားများအတွက် ဖော်ထုတ်ရှင်းလင်းပြသနိုင်မည့် ရုရှားဘာသာညွှန်လမ်းညွှန်များ လိုအပ်ချက်ဖြည့်ဆည်းရန်၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံရှိခရီးသွားလာရေးဝန်ကြီးဌာနများအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ပေးရန်၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်ချိတ်ဆက်ထားသည့်ဘဏ်များထားရှိရန်၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုရှားခရီးသွားများ ပိုမိုသိရှိရန်အတွက် ခရီးသွားမြှင့်တင်ရေးဗီဒီယိုများကို ပိုမိုရိုက်ကူးရန်နှင့် ရုရှားနိုင်ငံရှိ လူသိများသော သတင်းဌာနများ မှတစ်ဆင့် လွှင့်တင်ရန်တို့ ဆောင်ရွက်သင့်ကြောင်းကိုလည်း သိရှိခဲ့ရသည်။




မော်စကိုနိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းမှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များအား ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ဝေထားသော စာအုပ်စာစောင်များပြသခဲ့စဉ်။

နိုင်ငံတကာမှ လာရောက်ခင်းကျင်းပြသကြသည့် ပြခန်းအများစုမှာ ကိုယ်စားပြုနိုင်ငံများ၏ Brand၊ Highlights ဖြစ်သည့် ခရီးစဉ်ဒေသများကို ရုရှားဘာသာဖြင့် လွှင့်တင်ကြပြီး ခရီးသွားမြှင့်တင်ရေး လက်ကမ်းစာစောင်များ၊ ကြော်ငြာများကိုလည်း ရုရှားဘာသာဖြင့် ကြော်ငြာလျက်ရှိသဖြင့် မြန်မာနိုင်ငံကလည်း ခရီးသွားအချက်အလက်များအား ရုရှားဘာသာဖြင့် ထုတ်ဝေနိုင်ရေးစီစဉ်ခြင်း၊ ပြခန်း၌ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာအစားအသောက်များ ပြုလုပ်ပုံတို့ကို ပြသခြင်း၊ ရုရှားဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ရုရှားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

## အကျိုးကျေးဇူးများရရှိ

(၂၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ (Moscow International Travel & Tourism Exhibition)သို့ ပါဝင်တက်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေများကို ရှင်းပြနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် online နှင့် offline media များကို အသုံးပြုဆောင်ရွက်နိုင်ရေး၊နိုင်ငံတကာခရီးသွားမြှင့်တင်ရေးစာစောင်၊ သတင်းစာ၊ မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်များကို ထည့်သွင်းကြော်ငြာနိုင်ခြင်း၊ နိုင်ငံတကာခရီးသွားလုပ်ငန်းမီဒီယာများနှင့် တိုက်ရိုက်တွေ့ဆုံခွင့်ရခြင်း၊ မြန်မာနိုင်ငံ ခရီးစဉ်ဒေသများနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုများကို ပြသနိုင်ခဲ့ခြင်း၊ ရှင်းလင်းနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပိုမိုသိရှိစေနိုင်ခြင်း၊ ရုရှားနိုင်ငံနှင့် ဥရောပနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဈေးကွက်လိုအပ်ချက်များကို သိရှိခွင့်ရခြင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှဥရောပဈေးကွက်နှင့် ရုရှားဈေးကွက်မြှင့်တင်ရေးအတွက် အခွင့်အလမ်းများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။

၂၀၂၀ ခုနှစ် စက်တင်ဘာလခန့်မှစတင်၍ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သည့်အတွက် ကမ္ဘာ့ခရီးစဉ်ဒေသအချို့မှ ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး လုပ်ငန်းများဖြစ်သည့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း Online & Offline ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ခြင်း၊ Online ခရီးသွားပြပွဲများ ပြုလုပ်ခြင်းမှ In Person တက်ရောက်နိုင်မည့် ခရီးသွားပြပွဲများ ကျင်းပခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆွဲဆောင်မှုခရီးစဉ်အသစ် ဖော်ထုတ်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြပါသည်။

## ရုရှားနိုင်ငံမှ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရေး ရည်မှန်း

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု လျော့နည်းလာပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ရောက်ရှိမှုတိုးမြှင့်နိုင်စေရေးအတွက် ၁၇-၄-၂၀၂၂ ရက်နေ့မှစ၍ နိုင်ငံတကာလေကြောင်းလိုင်းများအား ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ခွင့်ပြုခဲ့သည်။ ရုရှားနိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်စေရေး ရည်မှန်းပြီး ရုရှားနိုင်ငံသား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအတွက် စီးပွားရေးနှင့် ကမ္ဘာလှည့်ခရီးသည် ဗီဇာရက် ၃၀ ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၂ ရက်နေ့မှ ၃၀-၆-၂၀၂၃ ရက်နေ့အထိ စမ်းသပ်ကာလ တစ်နှစ်ဖြင့် ခွင့်ပြုခဲ့သည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကဦးတည်ဈေးကွက်နိုင်ငံများဖြစ်လာရန် အလားအလာကောင်းများရှိသည့် နိုင်ငံဖြစ်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ရုရှားခရီးသွားဧည့်သည်အရေအတွက် နည်းပါးနေသေးသောကြောင့် ဗီဇာဖြေလျှော့မှု၊ နှစ်နိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့သည် အလွန်အရေးပါလှသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရုရှားခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရေးအတွက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုသည် စိန်ရတုကာလရောက်ရှိချိန်တွင် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန်၊ ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်ရေး အစီအစဉ်များ ဆောင်ရွက်ရမည့်အချိန်အခါဖြစ်သည်။

၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လ၌ ကျင်းပသော မော်စကိုနိုင်ငံတကာခရီးသွားပြပွဲကို ကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ၂၀၂၂ ခုနှစ်မတ်လတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သော (၂၈) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲတွင် နိုင်ငံပေါင်း ၄၄ နိုင်ငံနှင့် ရုရှားနိုင်ငံရှိ ဒေသ ၇၉ ခုတို့မှ ပါဝင်ပြသသူ ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၅၄၁ ခုနှင့် ပါဝင်တက်ရောက်သူ ၉၁၉၇ ဦး ရှိခဲ့သည်။ ပြပွဲကာလတွင် စီးပွားရေးနှင့် စပ်လျဉ်းသည့် Event ၁၄ ခု ကျင်းပပြုလုပ်ခဲ့ရာ ကျွမ်းကျင်ပညာရှင် ၂၇၉၀ နှင့် Speaker ၁၃၇ ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ခရီးစဉ်ဝယ်ယူသူအသစ်များ ရှာဖွေနိုင်ခဲ့သည့် ပြပွဲတစ်ခုလည်း ဖြစ်ခဲ့သည်။

## မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသမည်

မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားလုပ်ငန်းအရင်းအမြစ်များနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး အလားအလာကောင်းများကို အခြေခံ၍ ရုရှားဈေးကွက်တွင် မြန်မာနိုင်ငံ ခရီးသွားထုတ်ကုန်များကို မြှင့်တင်ကြော်ငြာရောင်းချနိုင်ရန် ရည်ရွယ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Crocus Expo Centre ၌ ၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများနှင့် ကိုယ်စားလှယ်များ ပါဝင်၍ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသမည်ဖြစ်သည်။

(၂၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားဒေသတွင်း ခရီးသွားဈေးကွက်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားကုမ္ပဏီများအတွက် မိမိတို့နိုင်ငံ၏ ခရီးသွားထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား ပြသနိုင်မည့် နိုင်ငံတကာခရီးသွားပြပွဲတစ်ခုဖြစ်ပြီး ခရီးသွားပြပွဲသို့ တက်ရောက်လာသူများအား မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ဆွဲဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှု၊ စိတ်ဝင်စားဖွယ်ခရီးစဉ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ခြင်း၊ ခရီးစဉ်ဝယ်ယူသူအသစ်များ ရှာဖွေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။ နိဂုံးချုပ်အားဖြင့် (၂၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ပါဝင်ပြသခြင်းဖြင့် ရုရှားဈေးကွက်တွင် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားရင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် စိန်ရတုနေ့ထူးနေ့မြတ်ကို ဂုဏ်ပြုအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစွာဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှအပြုသဘောထောက်ပံ့မှုများဆက်လက်ပေးအပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စ၊ ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် များစွာပိုမိုကျယ်ဝန်းပါကြောင်း၊ ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းသည် အစိုးရဌာနများတွင်သာမက ပုဂ္ဂလိကလုပ်ငန်းများနှင့်ပါသက်ဆိုင်ပြီး လာဘ်ငွေအနည်းငယ်ပေးခြင်း/ယူခြင်းမှသည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းအထိ ပါဝင်ပါကြောင်း၊ ၂၀၁၈ ခုနှစ် စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ အတည်မဖြစ်မီကာလအထိ အဂတိလိုက်စားမှုကို တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းအဖြစ်သာ အဓိပ္ပာယ်ဖွင့်ခဲ့ကြသည့်အတွက် လာဘ်ပေးလာဘ်ယူမှုဟုသာ လူအများက နားလည်မှတ်ယူခဲ့ကြပါကြောင်း၊ အဂတိလိုက်စားခြင်းသည် ပင်ကိုသဘောအရ အကျင့်ဖောက်ပြန်ခြင်းဖြစ်သည့်အပြင် ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့်အတွက်ကြောင့် တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းတို့ သာမက လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ခြိမ်းခြောက်၍ ငွေညှစ်ခြင်း၊ အပေါင်းအဖော်ကောင်းစားရေးအတွက် ဘက်လိုက်ခြင်းနှင့် ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒ ကျင့်သုံးခြင်းတို့ အထိပါဝင်ပါကြောင်း။

အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် အသိပညာပေးဟောပြောပွဲများ ကျယ်ပြန့်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်အရွေ့တစ်ခုဖြစ်ပါကြောင်း၊ အသိပညာပေးရာမှ မျိုးဆက်သစ်လူငယ်များအကြား ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မူလတန်းပညာမှ အထက်တန်းပညာ ထို့အပြင် အဆင့်မြင့်ပညာအထိ ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မျိုးဆက်သစ်များ၏ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရာတွင် အမှားကင်းစွာဖြင့် အားကြိုးမာန်တက် ပိုမိုစွမ်းဆောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိပညာပေးဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များတက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ရခိုင်ပြည်နယ် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) မှ အဖွဲ့ဝင်များအား ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များ နေပြည်တော်တွင် ဒုတိယနေ့ ကြည့်ရှုလေ့လာ




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံသံရုံးများမှ သံတမန်ကိုယ်စားလှယ်များသည် ယနေ့တွင် နေပြည်တော်၌ ဒုတိယနေ့အဖြစ် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုစီမံကိန်းများသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

နံနက်ပိုင်းတွင် သံတမန်ကိုယ်စားလှယ်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ အေးချမ်းသာစံပြကျေးရွာသို့ သွားရောက်ရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက လှိုက်လှဲစွာ ကြိုဆိုကြသည်။ ထို့နောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဖြင့် တည်ဆောက်ပေးခဲ့သည့် ကျေးရွာအတွင်း ရေ/မီး ရရှိရေးစနစ်များ၊ စာသင်ကျောင်း၊ ကျောင်းစာကြည့်တိုက်နှင့် ရက်ကန်းလုပ်ငန်းတည်ထောင် ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး သံတမန်ကိုယ်စားလှယ်များသည် အေးချမ်းသာစံပြကျေးရွာ အလယ်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သံတမန်ကိုယ်စားလှယ်အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းသစ်တောသုတေသနဌာနက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "Assessment of Toxic Organic Contaminants in Mekong River Basin of Myanmar" စီမံကိန်း၏ "ရေဓာတ်ခွဲခန်း" အား သွားရောက်လေ့လာရာ တာဝန်ရှိသူများက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ဆက်လက်ထွက်ခွာကြရာ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမမှ ကြိုဆိုကြသည်။ သံတမန်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း သုံးခုဖြစ်သော (က) Establishing Agricultural Libraries Network between Universities within Lancang–Mekong Area (Library)၊ (ခ) Establishing of Agricultural Extension Laboratories (Audio Visual and Media Production Laboratory) နှင့် (ဂ) Establishing of Agricultural Biotechnology Laboratory and Research Network between Universities within Lancang–Mekong Area နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက္ကသိုလ်အတွင်းရှိ အဆိုပါစီမံကိန်း သုံးခုသို့ သွားရောက်လေ့လာကြသည်။

ယင်းနေ့ ညနေပိုင်းတွင် သံတမန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ M-Gallery Hotel ၌ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ရန်ကုန်ဘက်ခြမ်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို က တံတားစီမံကိန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆင်ခြေလျှောတံတားနှစ်စင်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ တည်ဆောက်ရေးပစ္စည်းများ မှန်ကန်စွာအသုံးပြုရေးနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေး ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင်နှင့် ကန်ထရိုက်တာအဖွဲ့က မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားဖြစ်ပေါ်လာပုံ၊ တံတားဆိုင်ရာအချက်အလက်များ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများအပိုင်းလိုက် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတားလုပ်ငန်းခွင်၊ ရန်ကုန်ဘက်ခြမ်း PY 2 ဘိုးပိုင်လုပ်ငန်းများ၊ ပိုင်တိုင်ထိပ်အုပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ခြမ်း PY 1 ဘိုးပိုင်နှင့် ပိုင်တိုင်ထိပ်အုပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



မြန်မာနိုင်ငံရှိ သံမဏိကြိုးဆိုင်းတံတားများအနက် ယခုတည်ဆောက်နေသည့် မြန်မာ - ကိုရီးယားချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားသည် အကြီးဆုံးနှင့် အရှည်ဆုံးဖြစ်ပြီး တံတားအရှည် ၆၁၂၈ ပေ၊ ပင်မတံတားအရှည် ပေ ၂၂၆၄၀၊ ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားအရှည် ပေ ၁၈၉၁၊ ချဉ်းကပ်တံတားအကျယ် ( နှစ်လမ်းသွား) ၄၇ ပေဖြစ်ကြောင်း၊ ဒလဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁၉၇၂ ပေ၊ ချဉ်းကပ်တံတားအကျယ် (လေးလမ်းသွား) ၈၇ ပေ၊ ရန်ကုန်ဘက်ခြမ်းတွင် ဆင်ခြေလျှောတံတားများ အကျယ် ၂၃ ပေရှိပြီး တံတားအောက် ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ရန် အမြင့်ပေ ၁၆၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၉၉၈ ပေရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း၊ မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်လုပ်ခြင်းနှင့် ခေတ်မီနည်းပညာများ၊ နည်းစနစ်များနှင့် အတွေ့အကြုံများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါတံတားစီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေလမှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှု ၅၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းပေါ်နေကလေးများလျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက် သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

လမ်းပေါ်နေကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက် သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က လမ်းပေါ်နေကလေးများ၏ သဘောသဘာဝနှင့် လမ်းပေါ်နေကလေး ဖြစ်ရခြင်းအကြောင်းရင်းများကို ထပ်မံလေ့လာ၍ အသိပညာပေးခြင်း၊ ဖြစ်ရပ်စီမံခန့်ခွဲခြင်း၊ သက်မွေးပညာ၊ အတန်းပညာနှင့် ကျောင်းပြင်ပပညာရေးပံ့ပိုးမှု၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု စသည့်အခန်းကဏ္ဍများအလိုက် အရေးပါသော အစိတ်အပိုင်းများကို ဦးစားပေး နယ်ပယ်သတ်မှတ်၍ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံချက်ကာလအတွင်း ဆောင်ရွက်ပေးခဲ့မှုများ၊ စီမံချက်၏ အားသာချက်၊ အားနည်းချက်နှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စီမံချက်နယ်မြေများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီတို့မှ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများက လမ်းပေါ်နေကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက်အပေါ် ဆောင်ရွက်ပေးခဲ့မှုများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် စီမံချက်အပေါ် သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

လမ်းပေါ်နေကလေးများ လျော့နည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် မတ်လအထိ ၁၈ လတာကာလ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ကောင်စီ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်း၊ မင်္ဂလာတောင်ညွန့်၊ လှိုင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ခရမ်းမြို့နယ် သမဝါယမလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကြူတော ကျေးရွာသို့ရောက်ရှိပြီး ပဲတီစိမ်းစိုက်တောင်သူ များ၏ စိုက်ခင်းများ ရိတ်သိမ်းနေမှု၊



အထွက်နှုန်း တိုးတက်မှုတို့ကို မေးမြန်းလေ့လာကြည့်ရှုအားပေး သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြူတောကျေးရွာရှိပဲတီစိမ်းစိုက် သမဝါယမအသင်းသားတောင်သူများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက ပဲတီစိမ်းစိုက်တောင်သူများနှင့် အစုအဖွဲ့များအကြား ဒေသပေါက်ဈေးနှင့် ဝယ်ယူရောင်းချနေမှု၊ ပဲတီစိမ်းစိုက်တောင်သူများသို့ ထုတ်ပေးထားသောမျိုးနှင့် သွင်းအားစုများအတွက် သတ်မှတ်နှုန်းထားများအတိုင်း ပြန်လည်ပေးသွင်းမှုတို့ကိုလည်းကောင်း၊ သမဝါယမအသင်းအစုအဖွဲ့ တာဝန်ရှိသူတစ်ဦးက ခရမ်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာများမှ ပဲတီစိမ်းဝယ်ယူရရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းနှင့် နှမ်းစပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပန်းတိုင်အထွက်နှုန်းရရှိရန်၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြင့်မားရန်၊ ကြွေးမြီကင်းစင်သော မိသားစုဘဝကို ပိုင်ဆိုင်ကြရန်အတွက်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် သမဝါယမအစုအဖွဲ့စနစ်ဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရမ်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ခရမ်းစတိုးအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးရာ အသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်နေသော ငပေကျေးရွာမှ ခြောက်လမ်းသွားသို့ ဆက်သွယ်သောလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စာရင်းပညာရှင်များအနေဖြင့် အတတ်ပညာပိုင်းဆိုင်ရာနယ်ပယ်တွင် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး ကြိုးစားဆောင်ရွက်



ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ စာရင်းကောင်စီအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စာရင်းကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စာရင်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုသည့် Regulatory Body တစ်ရပ်အဖြစ်ရပ်တည်လျက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ရပ်လုံး၏ စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် မွေးထုတ်ရေး၊ ပြည်ပ စာရင်းပညာရှင်များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး၊ စာရင်းဆောင်ရွက်မှုနယ်ပယ်တွင် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ စာရင်းပညာရှင်များအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် သတိသမ္ပဇဉ်ထားရှိဆောင်ရွက်ခြင်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို တိကျစွာလိုက်နာခြင်းတို့ဖြင့် အတတ်ပညာပိုင်းဆိုင်ရာနယ်ပယ်တွင် ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းတို့နှင့် စပ်လျဉ်း၍ အစီအစဉ်အတိုင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများ၊ ကောင်စီအဖွဲ့ဝင် ၁၃ ဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် ရှစ်ဦးက Virtual စနစ်ဖြင့် အွန်လိုင်းမှ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲ ၁ နာရီခွဲ တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံ စာရင်းကောင်စီအလုပ်အမှုဆောင် အစည်းအဝေး(၁/၂၀၂၃)သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးဆိုင်ရာ အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများရှိ ငွေကြေးခဝါချမှုအန္တရာယ်များ ဖော်ထုတ်ခြင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပုဂ္ဂလိကဘဏ်များ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးမှတစ်ဆင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရန် ဦးတည်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ Digital ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်ပြီး စီးပွားရေးကဏ္ဍတွင် Digital နည်းလမ်းဖြင့် ပေးချေမှုများ တိုးတက်စေရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ်များမှ အမှုဆောင်အရာရှိချုပ်များ၊ အကြီးတန်းစီမံခန့်ခွဲသူများနှင့် တာဝန်ရှိသူများက ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဗဟိုဘဏ်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည့် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၌ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုအန္တရာယ်များ ဖော်ထုတ်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီအဖွဲ့အစည်းများတွင် ဆုံးရှုံးနိုင်ခြေမြင့်မားသည့်မှုခင်းများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုအန္တရာယ်များကို အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကအဖွဲ့အစည်းကဏ္ဍတို့ ပူးပေါင်းဖော်ထုတ်သွားရန်လိုအပ်ကြောင်း၊ ကဏ္ဍအလိုက်တွေ့ကြုံနေရသည့် မှုခင်းများနှင့်ဆက်စပ်နေသော ဆုံးရှုံးနိုင်ခြေအန္တရာယ်များဆိုင်ရာနားလည်သိရှိမှု၊ ကာကွယ်တားဆီးမှုတို့ ဆောင်ရွက်လျက်ရှိသည်များကို ဆွေးနွေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများက စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီအဖွဲ့အစည်းများတွင် တွေ့ကြုံနေရသည့် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုအန္တရာယ်များ တားဆီးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးခဝါချမှုအန္တရာယ်များ၊ တားဆီးကာကွယ်ရေးဆိုင်ရာအတွေ့အကြုံများကို လည်းကောင်း၊ စာရင်းကိုင်အသင်းများ၊ အိမ်ခြံမြေဝန်ဆောင်မှုအသင်းများ၊ ရွှေနေအသင်းများ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ၊ အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများက ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးခဝါချမှုအန္တရာယ်များ တားဆီးကာကွယ်ရေးဆိုင်ရာအတွေ့အကြုံများ၊ စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (DNFBPs) က ဖော်ထုတ်ရရှိသည့် ငွေကြေးခဝါချမှုအန္တရာယ်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဖွင့်မိန့်ခွန်းပြောကြားသည်။



ထို့နောက် တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က သရုပ်ပြတီးခတ်ဖျော်ဖြေကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြပြီး တပ်မတော်ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့အား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၈)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်း အသင်းပေါင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်က ကြီးမှူးကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် Virtual စနစ်ဖြင့်ကျင်းပသည်။



အခမ်းအနားတွင် ရုရှားအရှေ့ဖျားဖက်ဒရယ် တက္ကသိုလ် ဒုတိယဥက္ကဋ္ဌ Dr Evgeny Vlasov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Dr Nikolay Listopadov၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့က မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု စိန်ရတု အထိမ်းအမှတ်ဆိုင်ရာ အဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ခိုင်မြဲရေးကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူးကလီးယားနည်းပညာအား ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အလားအလာများကို ဆွေးနွေးပြောကြားကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဦးမျိုးမြင့် အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနယ်ပယ် အသီးသီးမှ ပညာရှင်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ပေါင်မြို့နယ်၌ (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် နံရံကပ်ပြဘုတ် ပြသ

**ပေါင် ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်ရုံးရှေ့တွင် (၇၅)နှစ်မြောက် မြန်မာ-ရုရှားသံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် နံရံကပ်ပြဘုတ် ပြသဆောင်ရွက်ခဲ့သည်။

ယင်းသို့ပြသရာတွင်မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ အခွန့်ရှည်တည်တံ့ခိုင်မြဲစေရေး ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် နိုင်ငံတော်အကြီးအကဲများ၏ တွေ့ဆုံမှုမှတ်တမ်းဓာတ်ပုံများ ပညာပေးပြသထားပြီး ပြည်သူများနှင့် ကျောင်းသားကျောင်းသူ လူငယ်များက စိတ်ဝင်တစား ဝင်ရောက်ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ မြန်မာ-ရုရှားသံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် နံရံကပ်ပြဘုတ် ပြသ

**ဘီးလင်း ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်ကို အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းမှ စတင်ပြသဆောင်ရွက်ထားကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသနေပြည်သူများအား ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် မြန်မာနှင့်ရုရှားတို့၏ သံတမန်ဆက်ဆံရေး ထူထောင်မှုအထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းများ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အရှေ့ဖျား ရေငုပ်သင်္ဘောဌာနချုပ်၊ အာကာသလွှတ်တင်ရေးစခန်း၊ လေယာဉ်ထုတ်လုပ်ရေးစက်ရုံများ လေ့လာကြည့်ရှုခဲ့သည့် မှတ်တမ်းပုံများ ပြသဆောင်ရွက်ထားကြောင်း သိရသည်။



အဆိုပါ နံရံကပ်ပြဘုတ်တွင် နှစ်နိုင်ငံအစိုးရအကြီးအကဲများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ ၂၀ ကို ပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ် နံရံကပ်ပြဘုတ် ပြသ

**လှည်းကူး ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်အကြီးအကဲများ၏ ဆောင်ရွက်ချက်မှတ်တမ်းများအား ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပေးနိုင်ရေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ်အဖြစ် နံရံကပ်ပြဘုတ် ပြသဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင် ပြသဆောင်ရွက်သည်။

အဆိုပါနံရံကပ်ပြဘုတ်တွင် မြန်မာနိုင်ငံ သမ္မတများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကြီးအကဲများ၏ တွေ့ဆုံဆွေးနွေးမှုများ၊ စီးပွားရေးအမြင်ချင်းဖလှယ် ဆောင်ရွက်ချက်များ၊ စည်းဝေးပွဲတက်ရောက်မှုမှတ်တမ်းများ၊ နိုင်ငံပိုင်တည်ဆောက်ရေး လုပ်ငန်းများ လေ့လာကြည့်ရှုမှု မှတ်တမ်းများကို ပြသထားရှိရာ ဒေသနေပြည်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင် ဦးစေ့ဟုတ်နှင့် ဇနီး ဒေါက်တာအေးအေးမာ မိသားစုက ကျောက်စာရုံစေတီတစ်ဆူအတွက် အလှူငွေကျပ် ၂၇၉ သိန်း၊ ပိဋကတ်(၃)ပုံ ကျမ်းစာအုပ်(ဂျပန်ဘာသာ)တစ်အုပ်နှင့် ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆–၂–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၂–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၀၉,၁၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၃၅၆) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၈–၂–၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၇) တွင် ကိုယ်ပြုသောကံအတိုင်း ကိုယ်ခံစားရမည်ဆိုသော ဗာရာဏသီပြည့်ရှင်မင်းကြီး၏ သမီးငယ်အကြောင်း သရုပ်ဖော်ထားသည့် "ကံစီမံရာ" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဦးအစရှေးခေတ်လူသားတို့၏ မီးကိုစတင်တီထွင် အသုံးပြုခဲ့ပုံအကြောင်းနှင့် နောက်ပိုင်းတွင် မီးကို အကျိုးရှိစွာ အသုံးချတတ်ခဲ့ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မီးကိုစတင်တီထွင်ခြင်း" သုတဆောင်းပါး၊ စားစရာမုန့်ဖြစ်နေသောကြောင့် သူငယ်ချင်းများကို မကြွားတော့ဘူးဆိုသော ရွှေယုအကြောင်း သရုပ်ဖော်ထားသည့် "ရွှေယု" မျက်နှာဝက်ကာတွန်း၊ ကျားဆရာကြောင်ဖြစ်သည်ကို ကျားကြီးနေက်သဘောပေါက်သွားလောက်ပြီဖြစ်ကြောင်း သရုပ်ဖော်ထားသည့် "ကြောင်ကလေးရွှေဝါ ကျားဆရာ" နှစ်မျက်နှာကာတွန်း၊ ခရုဘုရင်နှင့်ရွှေယုန်တို့ အပြေးပြိုင်ကြရာ ဉာဏ်ကောင်းလှသည်ဆိုသော ရွှေယုန်သည် အရှုံးကြီးရှုံးခဲ့ရပုံအကြောင်း ရေးဖွဲ့ထားသည့် "ခရုဘုရင်နဲ့ ရွှေယုန်" ပုံပြင်ကဏ္ဍ၊ မျက်စိအမြင်အားကောင်းစေချင်လျှင် မုန်လာဥကို စားရသည်ဆိုသော ရွှေဖဲအကြောင်း သရုပ်ဖော်ထားသည့် "ရွှေဖဲ" တစ်မျက်နှာ ဟာသကာတွန်း၊ ရွှေသွေးမောင်မယ်တို့အနေဖြင့် စိတ်နေစိတ်ထား မှန်ကန်ပြီး ရိုးသားဖြူစင်စွာ အချင်းချင်းရိုင်းပင်းကူညီကာ နေထိုင်တတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာသိဒ္ဓိမောင်ဒွေး၏ "အိမ်၌ယဉ်ကျေးခြင်း" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒလမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကျင်းပ

**ဒလ ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ကမာကဆစ်ရပ်ကွက်ရှိ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေဦးက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုး၍ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ် ဥပဒေ၊ ၂၀၀၁ ခုနှစ်တွင် ကလေးသူငယ်နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးလေးရပ်ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ လျစ်လျူရှုခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခံရခြင်းမှ ကာကွယ်နိုင်ရန်နှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ပိုမိုဖော်ဆောင်သွားနိုင်ရန် စသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ကျိုက်ထို ဖေဖော်ဝါရီ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုက်ထိုမြို့နယ်အတွင်းရှိကျေးရွာ သုံးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်သည်။

ကျိုက်ထိုမြို့နယ် ကွင်းကလေးကျေးရွာ၊ သံတံတားကျေးရွာ၊ ပိတောက်ကုန်းကျေးရွာတို့တွင် (၂၅၀၀'x၁၄'x၉') ရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂၂

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေ

ပေကျင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိခဲ့ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို၏ အမြဲတမ်းကော်မတီအစည်းအဝေး၌ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ယမန်နေ့တွင် ပြောကြားသည်။

အစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း တရုတ်နိုင်ငံက ၎င်း၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြောင်မြောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း အစည်းအဝေးတွင် ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ပထမဦးစားပေး ကာကွယ်စောင့်ရှောက်နေပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည်လည်း နိုင်ငံ့ခေါင်းဆောင် ရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံအတွင်း ယမန်နှစ် နိုဝင်ဘာလမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခဲ့ရာ လူဦးရေ သန်း ၂၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သေဆုံးသူ အရေအတွက်အနည်းဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်စောင့်ကြည့်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်မြှင့်တင်ရန်နှင့် ကာကွယ်ဆေးများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားရန်အပြင် ကိုရိုနာဗိုင်းရပ်စ်၏ သဘောသဘာဝကို ထပ်မံလေ့လာပြီး ကာကွယ်ဆေးများ၏ ထိရောက်မှုကို ထပ်မံမြှင့်တင်သွားရန် အပါအဝင် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုမြှင့်တင်သွားရန် တာဝန်ရှိသူများအား တိုက်တွန်းခဲ့သည်။

တရုတ်နိုင်ငံသည် လူသားသမိုင်းတွင် နေထိုင်သည့် လူဦးရေများပြားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည့် နိုင်ငံအဖြစ် သမိုင်းတွင်ရစ်စေခဲ့ကြောင်း အစည်းအဝေး၏ ကြေညာချက်အရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# ကုလသမဂ္ဂက ငလျင်ဒဏ်သင့် တူကီယဲနိုင်ငံကို လာမည့်သုံးလအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထောက်ပံ့သွားမည်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ငလျင်ဒဏ်သင့် တူကီယဲနိုင်ငံကို လာမည့်သုံးလအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထောက်ပံ့သွားမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများကိုလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရန် တိုက်တွန်းထားသည်။

အဆိုပါရန်ပုံငွေများသည် လူပေါင်း ၅ ဒသမ ၂ သန်းကို ကူညီထောက်ပံ့ပေးနိုင်မည်ဖြစ်သည့်အပြင် စားနပ်ရိက္ခာဖူလုံရေး၊ ဒုက္ခသည်များလုံခြုံမှုရှိစေရေး၊ ပညာရေး၊ သောက်သုံးရေနှင့် အမိုးအကာများ အပါအဝင် နယ်ပယ်အများအပြားတွင် အစိုးရဦးဆောင်သည့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂအကြီးအကဲဂူတာရက်စ်က တူကီယဲနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုက္ခသည်အများဆုံးနေထိုင်ရာနေရာဖြစ်ပြီး ၎င်း၏အိမ်နီးချင်း ဆီးရီးယားနိုင်ငံသားများကို နှစ်ပေါင်းများစွာ ကူညီထောက်ပံ့မှုများပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် တူကီယဲပြည်သူများကို ကမ္ဘာ့နိုင်ငံများက ကူညီထောက်ပံ့ပေးရမည့်အချိန်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဆီးရီးယားနိုင်ငံပြည်သူများအား လာမည့်သုံးလအတွင်း အမေရိကန်ဒေါ်လာ ၃၉၇ သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်တွင် ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# လူလိုက်ပါစီးနင်းနိုင်ပြီး ပျံသန်းနိုင်သည့် ကားပျံအမျိုးအစား ဂျပန်နိုင်ငံ၌ စမ်းသပ်အောင်မြင်

တိုကျို ဖေဖော်ဝါရီ ၁၇

လူလိုက်ပါစီးနင်းနိုင်ပြီး ပျံသန်းနိုင်သည့် ကားပျံအမျိုးအစားကို ဂျပန်နိုင်ငံ၌ ယမန်နေ့ စတင်စမ်းသပ်အောင်မြင်ခဲ့ကြောင်း သိရသည်။

ယင်းကားအမျိုးအစားကို လာမည့်အနာဂတ်တွင် သယ်ယူပို့ဆောင်ရေးပုံစံသစ်တစ်မျိုးအဖြစ် တွင်ကျယ်စွာ အသုံးပြုသွားမည်ဖြစ်သည်။

ကားပျံအမျိုးအစား စမ်းသပ်မှုကို ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုအီတာ စီရင်စုတွင် ပြုလုပ်ခဲ့သည်။

Masc သုတေသနအဖွဲ့က ဒရုန်းနည်းပညာကို အခြေခံပြီး တရုတ်နိုင်ငံ၌ တည်ဆောက်ထားသည့် ကားပျံအမျိုးအစားကို စမ်းသပ်အသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါကားပျံသည် လူနှစ်ဦး လိုက်ပါစီးနင်းနိုင်ပြီး မောင်းသူမပါဘဲကြိုတင်အစီအစဉ်ချထားသည့် လမ်းကြောင်းအတိုင်း ပျံသန်းနိုင်ခဲ့သည်။

အမြင့် မီတာ ၃၀ အထိ အထက်သို့ပျံတက်နိုင်ပြီး တစ်နာရီလျှင် ၃၆ ကီလိုမီတာ အမြန်နှုန်းဖြင့် သုံးမိနစ်ခွဲကြာ ပင်လယ်ပြင်ပေါ် စမ်းသပ်မောင်းနှင်ခဲ့ကြောင်း သိရသည်။

ယင်းကားပျံအမျိုးအစားများကို စီးပွားရေးဆိုင်ရာ ပို့ဆောင်ရေးနေရာတစ်ခုအဖြစ် ပြောင်းလဲအသုံးပြုရန် ရည်ရွယ်ထားကြောင်း Masc သုတေသနအဖွဲ့ ဥက္ကဋ္ဌ Kirino Hiroshi က ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ၎င်းသည် ဂျပန်နိုင်ငံ၌ လူလိုက်ပါစီးနင်းသည့် ကားပျံအမျိုးအစားကို ပထမဆုံး စမ်းသပ်ပျံသန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တူကီယဲနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပေါင်း ၅၀၀၀၀ ကျော် ဖြိုချဖျက်ဆီးရန်လိုအပ်



အန်ကာရာ ဖေဖော်ဝါရီ ၁၇

ပြီးခဲ့သည့် သီတင်းပတ်အတွင်း တူကီယဲနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပေါင်း ၅၀၀၀၀ ကျော်သည် ဆိုးဆိုးရွားရွားပျက်စီးခဲ့ပြီး အချိန်မရွေးပြိုကျနိုင်ကာ အန္တရာယ်ရှိသည့်အတွက် ချက်ချင်းဖြိုချဖျက်ဆီးရန် လိုအပ်သည်ဟု တူကီယဲအစိုးရက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

တူကီယဲအစိုးရက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ၃၈၇၃၀၀ ခန့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဖြိုချဖျက်ဆီးပစ်ရန် ကျန်ရှိနေသည့် အဆောက်အအုံ ၅၀၀၀၀ တွင် Gaziantep ပြည်နယ်၌ ၁၁၉၀၀၊ Hatay ပြည်နယ်၌ ၁၀၉၀၀၊ Kahramanmaras ပြည်နယ်၌ ၁၀၈၀၀ နှင့် Malatya ပြည်နယ်၌ ၆၆၀၀ ခန့်ပါဝင်သည်။

အစိုးရက အဆိုပါအဆောက်အအုံများကို အလျင်အမြန်ဖျက်ဆီးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပွား

ဂျကာတာ ဖေဖော်ဝါရီ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လူထောင်ပေါင်းများစွာ ထိခိုက်ခံစားခဲ့ရကြောင်း ဒေသခံသဘာဝဘေးလျော့ချရေး အေဂျင်စီက ပြောကြားသည်။



ဂျာဗားကျွန်းရှိ ဘန်ဂါဝမ်ဆိုလိုမြစ်ကမ်းပါးတွင် အဆိုပါဖြစ်စဉ်ကြောင့် ရေတိုက်စားမှုများဖြစ်ပွားပြီး ကျွန်းဒေသအတွင်း ခရိုင် ၁၆ ခု၏ လမ်းများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် ထိခိုက်သေဆုံးမှုများ မရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး ဒေသခံ ၄၀၀၀ ခန့်အား ကုန်းမြင့်ပိုင်းဘေးကင်းရာဒေသများတွင် ယာယီတဲများ ဆောက်လုပ်ပေးထားကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ မိုးတွင်းကာလများတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားလေ့ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အစ္စရေးနိုင်ငံက အာကာသထဲ၌ ဆေးဝါးများ၏အာနိသင် ပျက်ပြယ်ခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးမည်

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၇

အာကာသထဲ၌ ဆေးဝါးများ၏အာနိသင် ပျက်ပြယ်ခြင်းရှိ၊ မရှိ လက်တွေ့စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း ဟူးဘရီးတက္ကသိုလ်ရှိ အစ္စရေးသိပ္ပံပညာရှင်များက ယမန်နေ့တွင် ပြောကြားသည်။

ယခုစမ်းသပ်စစ်ဆေးမည့် ဆေးဝါးများအား လူလိုက်ပါခြင်းမရှိသည့် လကမ္ဘာလှည့်လာရေးယာဉ်များတွင် ထည့်သွင်းစမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစမ်းသပ်ချက်တွင် အရေးပေါ်အသက်ကယ်ဆေးများ၊ အိပ်ဆေးများ၊ အကိုက်အခဲပျောက်ဆေးများ၊ ပဋိဇီဝဆေးဝါးများကို ထည့်သွင်းစမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ စမ်းသပ်ချက်အရ မည်သည့်ဆေးဝါးသည် အာကာသထဲတွင် အချိန်မည်မျှကြာအောင် အာနိသင်ရှိသနည်းဆိုသည့်အချက်ကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အရောက်တွင် အစ္စရေးအာကာသဆိုင်ရာ အဖွဲ့အစည်း SpaceIL က လကမ္ဘာလှည့်လာရေးယာဉ် Beresheet-2 ကို အာကာသထဲသို့ လွှတ်တင်သွားမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း တမူးမြို့၊ မတူပီမြို့၊ ပခုက္ကူမြို့၊ ရွှေဘိုမြို့နှင့် ပေါက်မြို့တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ကြရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ ပြောကြားပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နှင့် ပေါက်မြို့၊ ချင်းပြည်နယ် မတူပီမြို့နယ်တို့မှ PDF/ CDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို မတူပီတပ်နယ်မှ တာဝန်ရှိသူများက မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ရှည်ကျေးရွာနေ ဇွဲထက်ပိုင်(ခ)ဇွဲငယ်သည် ၎င်းအသုံးပြုသည့် “Zwe Htet Paing” Facebook အကောင့်၊ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ သံခဲနှင့် ကျောက်မော်ရပ်ကွက်နေ ဇော်မင်းဦးတို့သည် ၎င်းတို့အသုံးပြုသည့် “Than Khal” Facebook အကောင့်နှင့် “Zaw Min Oo” အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ အိဖြူစိုးသည် ၎င်းအသုံးပြုသည့် “Ei Phyu Soe” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ ရာဇာကို(ခ)ဖိုးပြားသည် ၎င်းအသုံးပြုသည့် “Yarzar Ko” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၇၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၈၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့်ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ။


PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အကြမ်းဖက် အဖွဲ့များဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပုလောမြို့နယ်၊ ကဒဲကျေးရွာအတွင်းရှိ နေအိမ်အတွင်းမှ ကောင်းမွန်စွာ ပြန်လည် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြို့ရွာအချို့မှ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများအား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် သတင်းဆက် ရှာဖွေဖော်ထုတ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူများအား ပြန်လည်တွေ့ရှိရေး လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပုလောမြို့နယ် ကဒဲကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးအတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသည့် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ပြန်လည်တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ကနဦး စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် နိုင်ငံ့ဝန်ထမ်းများ၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံများဖြစ်ကြောင်း သိရပြီး ထားဝယ်-မြိတ် ကားလမ်း တစ်လျှောက် ပုံမှန်သွားလာလျက်ရှိစဉ်နှင့် တောင်ယာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးခံရချိန်တွင် ရိုက်နှက်မှုများရှိကြောင်းနှင့် ၎င်းတို့ပိုင်ဆိုင်သည့် လက်ကိုင်ဖုန်း၊ ငွေနှင့်ပစ္စည်းများအား သိမ်းဆည်းခံခဲ့ရကာ ကဒဲကျေးရွာရှိ နေအိမ်အတွင်း၌ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရကြောင်း၊ နေအိမ်အပြင်မှ သေ့ခတ်၍ PDF အမည်ခံ အကြမ်းဖက်သမား ၁၀ ဦးခန့်က စောင့်ကြည့်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ရှေ့တွင် ယခင်ဖမ်းဆီးခံရသူ သုံးဦးခန့်အား လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်သွားသည်ကို တွေ့ရှိရပြီး ၎င်းတို့မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိကြောင်း သိရပြီး ၎င်းတို့၏ ပြောဆိုချက်များကို အောက်ပါအတိုင်း ကြားသိရသည်။

**အမျိုးသမီး (အကျႌအဖြူ)**

သမီးက ကော့သောင်းကနေ နေပြည်တော်ကိုသွားမှာ ဖေဖေ့နားကိုသွားမှာပါ။ ပုလောမြို့နယ် သင်္ကန်းတောကွေ့ရောက်တာနဲ့ PDF အဖွဲ့တွေနဲ့ တွေ့တယ်။ သမီးမှတ်ပုံတင်ကို ကြည့်တယ်။ သမီးကို ဖမ်းတဲ့အချိန်မှာ သူတို့က အယောက် သုံးဆယ်လောက် ရှိမယ်။ အရိုက်ခံထိမှာစိုးလို့ အကုန်ပြောလိုက်တယ်။ အဲဒီမှာ မိန်းကလေးတွေလည်း မရှောင်ဘူး ရိုက်တယ်ဆိုတော့။ သမီးကို မေးတာနဲ့ အကုန်ပြောလိုက်တယ်။ ဖုန်းလည်း သိမ်းလိုက်တယ်။ မှတ်ပုံတင်ကတော့ ပြန်ယူထားတယ်။ အဲဒီမှာ ဒီနှစ်လပိုင်း ၂ ရက်နေ့က စရောက်ပြီး ၁၅ ရက် တိတိနေရတယ်။ ထင်တာကတော့ လွှတ်ပေးမယ့် အစီအစဉ်မရှိပါဘူး။ သူက မိန်းကလေးဆိုတော့ ချက်ချင်း မသတ်သေးတာ။ တစ်နေ့တည်း ငါးယောက် ခေါ်ပြီးသတ်လိုက်တယ်။ သမီးတို့ကိုစစ်နေတဲ့အချိန်မှာပဲ အဲဒီ ငါးယောက်ကို ခေါ်တဲ့အချိန်မှာ သမီး သေနတ်သံကြားတယ်။ အဲဒီခေါင်းဆောင်က ကြားလားလို့ သမီးကိုပြောတယ်။ သမီးက ကြားတယ်ဆိုတော့ သူက အပိုတွေမထားဘူး အကုန်ရှင်းပစ်မှာလို့ သမီးကိုပြောတယ်။ သမီးကိုမသတ်နဲ့လို့ ပြောချင်တယ်။ ဒါပေမဲ့ ကြောက်လို့ မပြောရဲဘူးလေ။ သူတို့မေးမှ ဖြေရတယ်။ သူခေါ်ထုတ်မှ ထွက်ရတယ်။ သမီးတို့ ဒီလိုမျိုးလွှတ်မယ်လို့ မထင်ထားဘူး။ အခုလိုကယ်တဲ့အတွက် ဝမ်းသာပါတယ် ကျေးဇူးလည်း အများကြီးတင်ပါတယ်။

**အမျိုးသား (အကျႌအညို)**

ကျွန်တော့်ကို ဖမ်းတဲ့နေရာကတော့ သင်္ကန်းတောချောင်းနားမှာကျွန်တော့်ကိုဖမ်းတဲ့ လူအင်အားကတော့ ၁၅ ယောက်၊ အယောက် ၂၀ လောက်တော့ရှိတယ်။ ကျွန်တော့်ကို ဘာကြောင့်ဖမ်းလဲဆိုတော့ အဖေကဝန်ထမ်းဖြစ်သလို ဆည်မြောင်းဦးစီးလည်းဖြစ်နေတယ်။ အဲဒီနေ့ဖြစ်တဲ့အချိန်မှာ မင်းအဖေက ဆည်မြောင်းဦးစီးလားဆိုပြီး ကျွန်တော့်ကို တိုက်ရိုက်မေးတယ်။ ပစ္စည်းရောင်းနေလို့ သူ့ကိုဖမ်းထားတယ်။ ပြီးတော့ အိမ်ကလူတွေကို သိန်း ၃၀၀နဲ့လာပြီး ရွေးခိုင်းတယ်လို့ပြောပါတယ်။ သိန်း ၃၀၀ နဲ့ လာရွေးမယ်ဆိုရင် ၁၀ ရက်နေ့ လွှတ်ပေးမယ်လို့ ပြောတယ်။ အဲဒါကို သူကမရွေးဘူး ထွက်ပြေးသွားတယ်။ အဲဒီလိုထွက်ပြေးသွားတော့ သူ့ဘာသာ မိုင်းနင်းပြီး သေတာလား၊ ပစ်သတ်လိုက်လို့ သေတာလားတော့ မသိဘူး။ အဲဒီတုန်းက ငါးယောက် ခေါ်သွားပြီး ပစ်သတ်လိုက်တယ်။ ကျွန်တော်တို့ကို လာပြီးကယ်တာ ပျော်တယ်ဗျ။ ဖမ်းဆီးခံရတဲ့ အချိန်တုန်းက ကျွန်တော်တို့ကို ဘယ်လို စစ်ဆေးသလဲဆိုတော့ သူတို့ဖမ်းထားတဲ့ အချိန်မှာ ၃ ရက်အတွင်း လာရွေးလို့ပြောတယ်။ လာမရွေးရင် မင်းတို့အလောင်းကို လာယူတော့လို့ပြောကြတယ်။ အဓိကလိုချင်တာက အဖေပေါ့။ ကျွန်တော့်အဖေကို သူတို့က လိုချင်တာ။ ကျွန်တော့် အဖေ သွားရင် ကျွန်တော့်အဖေကို သူတို့က သတ်မှာ။

**မိန်းမကြီး (အကျႌအညို)**

ကျွန်မက မြကန်သာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာမ တစ်ယောက်ဖြစ်ပါတယ်။ ဝန်ထမ်းတွေမိသွားတော့ ခေါင်းကိုင့်ပြီး ဆင်းခဲ့လို့ပြောပါတယ်။ CDM လုပ်လား၊ မလုပ်ဘူးလားလို့ သူတို့ကမေးတယ်။ ကျွန်မက မလုပ်ပါဘူး။ ကျွန်မရဲ့ အမေတွေ၊ အဖေတွေအိုပါပြီ။ ကျန်းမာရေး မကောင်းတော့ပါဘူး။ ကျွန်မကို ဖမ်းဆီးခဲ့တဲ့နေ့ကတော့ ၁ လပိုင်း ၂၈ ရက်နေ့ကနေ ဖမ်းသွားတာ အခု ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ပြန်လွှတ်ပါတယ်။ ကျွန်မကို ဖမ်းဆီးတဲ့အချိန်တုန်းက သူတို့က သတ်မယ်ဖြတ်မယ်လို့ ပြောပါတယ်။ သူတို့မှာ လူအင်အားကတော့ ကျွန်မတို့ကို ဖမ်းတုန်းကဆို လူ ၁၀ ယောက်လောက်ရှိပါတယ်။ အထဲမှာ တော့ရှိမှာပေါ့။ ကျွန်မတို့ကို အပြင်ကမမြင်ရဘူး။ ကျွန်မတို့ သွားကတည်းက အထဲမှာပဲနေရပါတယ်။ ကျွန်မတို့ အထဲကနေ ဖမ်းသွားတဲ့အထဲမှာ လူငါးယောက်ခန့် ခေါ်ဆောင်သွားပါတယ်။ သူတို့ကပြောတယ် သတ်လိုက်ပြီတဲ့။ ကျွန်မတို့မှာ ဝမ်းနည်းနေရပါတယ်။ ကြောက်နေရပါတယ်။ အခုကျွန်မတို့ကို တပ်မတော်က လာကယ်မယ်လို့ လုံးဝ မမျှော်လင့်ထားပါဘူး။ အခုလို လာကယ်ပေးတဲ့အတွက် ဝမ်းလည်းသာပါတယ်။


PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူများ။

အပြစ်မဲ့ အမျိုးသမီးများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်မဲ့ပြည်သူများကို အကျပ်ကိုင်ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် **ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး** လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက် ချေမှုန်းရေးဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၁၆ မှ**

ဂုဏ်ရှိတယ်၊ အဆင့်မြင့်တယ်လို့ ထင်နေကြတဲ့ မြန်မာစာပြဆရာတွေရဲ့ အဆီအငေါ်မတည့်တဲ့ အမူအကျင့် စရိုက်သဘာဝကို သရော်လှောင်ပြောင်ထားတယ်။ အပြောနဲ့ လက်တွေ့ ကွာခြားတတ်တဲ့ လူ့သဘော၊ လူ့သဘာဝကို သိမြင်လာစေတယ်။

ပြဇာတ်ရဲ့ နောက်ခံကာလဒေသကိုတော့ ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေကတစ်ဆင့် ဖော်ထုတ်ရမှာဖြစ်ပါတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ၊ သရော်သံတွေနဲ့ ဟာသမြောက်အောင် ဇာတ်ညွှန်းစကားတွေနဲ့ ရေးဖွဲ့ထားတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြဇာတ်မေးခွန်းအနေနဲ့တော့ ဝတ္ထုတိုမေးခွန်းမှာလိုပဲ ရည်ရွယ်ချက်နဲ့ ရည်ရွယ်ချက်ရောက်အောင် ရေးဖွဲ့ထားပုံတွေ၊ ဇာတ်ဆောင်စရိုက်တွေ၊ ဘဝအသိအမြင်တွေ စတာတွေကိုပဲ မေးလေ့ရှိပါတယ်။ ပြဇာတ်မေးခွန်းဖြေဆိုရာမှာ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် မိမိကိုယ်ပိုင် အရေးအသားအတင်အပြနဲ့ ဖြေဆိုဖို့ပဲဖြစ်ပါတယ်။ ပေးမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်း (၂) ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ငါးရာ့ငါးဆယ် နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားတာဖြစ်ပါတယ်။ မူရင်း ပျို့စာမှာ စာကိုယ်ပိုဒ်ရေ (၁၈၉) ပိုဒ်၊ နိဂုံးပိုဒ်ရေ (၄) ပိုဒ် စုစုပေါင်း (၁၉၃) ပိုဒ် ပါရှိပေမယ့် ကျောင်းသားတွေအတွက် အပိုဒ် (၁) ကနေ (၇၁) အထိကိုပဲ ရွေးချယ်ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အပိုဒ် (၁) ကနေ (၇၁) အထိပဲ လေ့လာကြရမှာ ဖြစ်ပါတယ်။

ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက် ၆၀ ဝန်းကျင် ဘဝအတွေ့အကြုံနဲ့ စာပေအသိအမြင် စုံလင်ကြွယ်ဝတဲ့ အရွယ်ကို ရောက်နေပြီဖြစ်လို့ ဒီပျို့ကို ရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာ အကြောင်းအရာတွေများစွာ ပါဝင်လာပါတယ်။ အရေးအဖွဲ့၊ အကြောင်းအရာ၊ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကို လေ့လာတဲ့အခါမှာ သံဝရပျို့ဖတ်စာအုပ် နိဒါန်းမှာပါရှိတဲ့ ပျို့လေ့လာနည်းတွေကို အသေအချာ၊ ဖတ်ရှုလက်စွဲပြုပြီးတော့ လေ့လာရမှာဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်းဆိုပြီး ကဏ္ဍသုံးခုခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာအကြောင်းအရာတွေကို ဖတ်စာအုပ်နိဒါန်းမှာ အကျဉ်းမျှ ခွဲပြထားပါတယ်။

အကြောင်းအရာလေ့လာရာမှာ အခန်းအလိုက်ပါဝင်တဲ့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍခွဲကြည့်မယ်ဆိုရင်–

(၁) မြတ်စွာဘုရားဟောရခြင်းအကြောင်း၊
(၂) သားတော်ကြီးများ ဇနပုဒ်အသီးသီးရခြင်း၊
(၃) ဆရာအမတ်နှင့် ပထမအကြိမ်တိုင်ပင်ခြင်း၊
(၄) ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခြင်း၊
(၅) ဆရာအမတ်နှင့် ဒုတိယအကြိမ်တိုင်ပင်ခြင်း၊
(၆) ဆရာအမတ်နှင့် တတိယအကြိမ်တိုင်ပင်ခြင်း၊

ဆိုပြီးတော့ ခွဲခြားနိုင်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်း အလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့ စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့လိုပါတယ်။ ဒီပျို့မှာ အဓိက ဇာတ်ဆောင် သုံးဦးကို တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်သုံးဦးရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနဲ့ အရည်အသွေးတွေကို မိမိရဲ့ အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ ရူပကအလင်္ကာအဖွဲ့တွေ၊ အနက်အဓိပ္ပာယ် ပြည့်ဝပြီး အဖွဲ့အစပ် ပြေပြစ်လှပတဲ့အဖွဲ့ကောင်းတွေ၊ စကားပုံတွေ၊ ဆိုရိုးစကားတွေ စတာတွေရဲ့ အနက်အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်လည်ရှင်းလင်း ဖြေဆိုနိုင်ရပါမယ်။

သာဓကအနေနဲ့–

"သရက်မှည့်သီး၊ ခိုင်လုံးကြီးကို၊ မနီးမြေတာ၊ ယူဇနာက၊ လှမ်းကာမီနိုး၊ ဆွတ်မည်ကြိုးသို့" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။ "ဖခမည်းတော် ချီးမြှင့်ပေးသနားတော်မူသော စားကျေးစားလက်တို့ကို လက်ခံလိုက်သောမင်းသားတို့သည် နန်းတော်နှင့် ကွာလှမ်းလှသော ဝေးလံခေါင်ဖျားဒေသများသို့ ရောက်ရှိနေတော့မည်ဖြစ်၍ နောင်အချိန်အခါ အရေးအရာပေါ်ပေါက်လာသောအခါမျိုးတွင် နန်းတွင်းကိစ္စတို့ကို ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းမရနိုင်တော့ပုံကို ပေါ်လွင်အောင် သရက်သီးမှည့်ကို ဝေးလံလှသောနေရာမှ လှမ်းခူး၍ ချက်ချင်းမရနိုင်ပုံနှင့် ခိုင်းနှိုင်းထားပါသည်"လို့ ဆိုလိုကြောင်း အပြည့်အစုံ ဖြေပြရပါမယ်။

သံဝရပျို့မှာ ပျို့စာသားတွေကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့တွေလည်း များစွာပါဝင်ပါတယ်။ သာဓကအနေနဲ့ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊သတ္တဝါအပေါင်း ဆင်းရဲကြောင်း" ဆိုတဲ့ အဖွဲ့တွေ၊ "အငယ်တည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့တွေဟာ မြန်မာလူမှုနယ်ပယ်မှာ ဆိုရိုးစကားအဖြစ်နဲ့ အသုံးတွင်ကျယ်နေပါပြီ။

နောက်လေ့လာရမယ့် အချက်တစ်ချက်ကတော့ ပျို့လာအသုံးအနှုန်းစကားလုံးတွေဖြစ်ပါတယ်။ သံဝရပျို့ဟာ အင်းဝခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ ပျို့ဖြစ်တဲ့အတွက်ကြောင့် အင်းဝခေတ်သုံး စကားလုံးတွေကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးတွေ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီစကားလုံးတွေကို လေ့လာရတာ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

နမူနာအနေနဲ့ "စိုက်စိုက်"၊ "စင်းလျဉ်း"၊ "ယဉ်မိန်း"၊ "အုတ်ထွေ"၊ "တုံ့ပယ်" ဆိုတဲ့ စကားလုံးတွေကို လေ့လာကြည့်မယ်ဆိုရင်–

"စိုက်စိုက်" ဆိုတာ စူးစူး၊ ဖြောင့်ဖြောင့်
"စင်းလျဉ်း"ဆိုတာ အဆက်မပြတ်
"ယဉ်မိန်း"ဆိုတာ သိမ်မွေ့ငြိမ်သက်စွာ
"အုတ်ထွေ" ဆိုတာအများ
"တုံ့ပယ်" ဆိုတာ ခေါက်တုံ့ခေါက်ပြန်

စတဲ့ ဒီနေ့ခေတ်မှာ မသုံးတော့ဘဲ ရှေးသုံးစကားလုံးတွေရဲ့ အသုံးနဲ့ အဓိပ္ပာယ်ကို စိတ်ဝင်စားဖွယ်တွေ့ရမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ သံဝရပျို့မေးခွန်းအနေနဲ့ မေးခွန်း(၂)မှာ မေးတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ၂(က) နဲ့ ၂ (ခ) ဆိုပြီး ပုဒ်ခွဲနှစ်ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ (၁၀) မှတ်ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ၂(ခ) မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာ ဖြစ်ပါတယ်။ (၁၅)မှတ်ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနမူနာအနေနဲ့ကတော့ ၂(က)မှာ သံဝရပျို့အရ ရှင်းပြပါဆိုပြီး "ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥဆန်ချောင်၊ ကျန်သောယောင်သို့"၊ "ထိန်းယလတ်မည်၊ ဖရာတည်၍၊ ကျောက်ရည်တိုးအောင်၊ သွေးသောယောင်သို့" စတဲ့ပျို့စာသားမျိုးတွေကို ပေးထားမှာဖြစ်ပါတယ်။

မေးခွန်း၂(ခ)မှာ သံဝရပျို့မှ ဆရာအမတ်ကြီး၏ စရိုက်(သို့မဟုတ်) သံဝရပျို့မှ ရှင်မဟာရဋ္ဌသာရရဲ့ ဥပမာအလင်္ကာအသုံး စွမ်းရည် စသည်ဖြင့် မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ဖြေဆိုရာမှာ ပျို့ပါအချက်အလက်တွေကို မိမိတို့ရဲ့ ကိုယ်ပိုင်အရေးအသား အတင်အပြနဲ့ ဖြေဆိုကြရမှာ ဖြစ်ပါတယ်။

မေးခွန်း (၃) (က) ကတော့ မြန်မာကဗျာဖွဲ့နည်း မေးခွန်းဖြစ်ပါတယ်။ မြန်မာကဗျာဖွဲ့နည်း စာအုပ်ရဲ့ အမှာစာမှာ ဖော်ပြထားတဲ့ ကဗျာရဲ့ သဘော၊ ကဗျာစပ်နည်းအမျိုးမျိုး၊ ကဗျာစပ်နည်းရဲ့ အခြေခံလေးလုံးစပ်နည်း၊ သံပေါက်စပ်နည်း၊ အချိုးကဗျာများစပ်နည်းတို့ အကြောင်းနဲ့ လေ့လာသင်ကြားရန် လမ်းညွှန်ချက်များ စတာတွေကို သေသေချာချာ လေ့လာထားဖို့လိုပါမယ်။

ကဗျာဖွဲ့နည်းတွေမှာတော့–

ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်ဆိုတဲ့ ကဗျာအမျိုးအစား ရှစ်မျိုးကို ဖော်ပြထားပါတယ်။ ဒီနှစ်အတွက် အဲဒီကဗျာအမျိုးအစား ရှစ်မျိုးတို့ကို ပြည့်ပြည့်စုံစုံ လေ့လာကြရမှာပါ။

အဲဒီကဗျာ ရှစ်မျိုးရဲ့ ဖွဲ့နည်းကဗျာတွေကို ဖော်ပြရာမှာ သက်ဆိုင်ရာ ကဗျာအမျိုးအစားရဲ့ အခေါ်အဝေါ် အဓိပ္ပာယ်တွေ၊ စပ်နည်းတွေ၊ ဖွဲ့စပ်တဲ့သာဓကပုံစံတွေ၊ လေ့ကျင့်ခန်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်တွေကို စိတ်ဝင်တစား စေ့စေ့စပ်စပ် လေ့လာထားမယ်ဆိုရင် ကဗျာဖွဲ့နည်းကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ကဗျာစပ်နည်း အမျိုးမျိုးထဲကမှ ထူးခြားတဲ့ ကာရန်ယူစနစ်တွေဖြစ်တဲ့ ပြန်ဂဟပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်အကြောင်းတွေ၊ ကဗျာဉာဏ် ကွန့်မြူးနိုင်ဖို့အတွက် ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို လေ့လာမှတ်သားရမှာဖြစ်ပါတယ်။

မေးခွန်း (၃) ပုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာ ဖြစ်တယ်။ လေးခုပေးထားပြီး နှစ်ခု ဖြေရပါမယ်။ (၁၀) မှတ်ပေးပါတယ်။ မေးခွန်း (၃) ပုဒ်ခွဲ (ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ (၁၅) မှတ်ပေးတဲ့မေးခွန်း ဖြစ်ပါတယ်။

မေးခွန်း ၃ (ခ) ကဗျာကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ရှင်းပြဖြေဆိုပုံကို တင်ပြပါမယ်။ စာသားကို မျဉ်းတို၊ ပိုဒ်တွင်းကာရန်ကို ခရေပွင့်၊ အချိုးသတ်ကာရန်ကို အပေါင်းလက္ခဏာတို့နဲ့ သင်္ကေတပြု ဖော်ပြရမှာ ဖြစ်ပါတယ်။

›› စာသား – –
›› ပိုဒ်တွင်းကာရန် – *
›› အချိုးသတ်ကာရန် – +

နမူနာအနေနဲ့ ဒွေးချိုးကဗျာတစ်ပုဒ်ရဲ့ ကာရန်ယူပုံကို လေ့လာတင်ပြပါမယ်။

"ရွှေကျီးရယ်သာ
ညှော်လာရော့သလား။
ခန်းဝကကြို
ခင်လေးရွှေရင်ဖိုခိုက်
ကျီးညိုကနား။"

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမယ်။

"သာ" နဲ့ "လာ" တို့ဟာ ပထမပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ "လား" ကတော့ ပထမပိုဒ်ရဲ့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာဖြစ်ပါတယ်။

"ကြို" နဲ့ "ဖို၊ "ဖို" နဲ့ "ညို" တွေကတော့ ဒုတိယပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ်လို့ ခရေပွင့်ပြရပါမယ်။ "နား" ကတော့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တာကြောင့် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာဖြစ်ပါတယ်။

သင်္ကေတတွေကို အောက်ပါပုံစံနဲ့ ပြရမှာဖြစ်ပါတယ်။

––– (*)
– (*)––(+)။
––– (*)
–––– (*) –
–(*) – (+) ။

စိတ်ကြိုက်မြန်မာစာရဲ့ ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကတော့ မြန်မာစာပေသမိုင်းဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းရဲ့ ခေတ်တွေထဲက ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ နဝမတန်းမှာ လေ့လာသင်ယူပြီးဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာတော့ နောက်ပိုင်း နှစ်ခေတ်ဖြစ်တဲ့ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။

စာပေသမိုင်းတစ်လျှောက်မှာ ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်တွေ အလေးပေးပုံတွေ ပြောင်းလာပုံ၊ အကြောင်းအရာတွေ ကျယ်ပြန့်လာပုံ၊ စာဆိုတွေ၊ စာပေပုံသဏ္ဌာန်တွေ တစ်စတစ်စ တိုးပွားလာပုံတွေကို လေ့လာထားရမှာ ဖြစ်ပါတယ်။

မြန်မာစာပေသမိုင်း စာမေးပွဲမေးခွန်းအနေနဲ့တော့ မေးခွန်းနံပါတ် (၄) မှာ မေးပါတယ်။ မေးခွန်းနံပါတ် (၄) မှာလည်း အခြားမေးခွန်းတွေမှာလိုပဲ (က)နဲ့ (ခ)ဆိုပြီး ပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါတယ်။ မေးခွန်း၄(က)က မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေဖြစ်ပါတယ်။ (၁၀) မှတ်ပေးပါတယ်။ မေးခွန်း၄(ခ)ကတော့ ဆွေးနွေးတင်ပြရတဲ့ ရှင်းလင်းဖြေဆိုရတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁၅) မှတ် ပေးပါတယ်။

မေးခွန်း၄(က) မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းမှာ ရှစ်ခုမေးထားပြီး ငါးခုဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့စာပေဆိုင်ရာ အချက်အလက်တွေကို မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျ ဖြေရပါမယ်။ မြန်မာစာပေသမိုင်း ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို နမူနာအနေနဲ့ တင်ပြသွားပါမယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။
ဗုဒ္ဓဝင်ဝတ္ထု ဟူသည် အဘယ်နည်း။
ဦးပုည၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းများကို ဖော်ပြပါ။
လောကဗျူဟာကျမ်း ရေးသူ၏အမည်ကို ဖော်ပြပါ။
မဟာဆန်ချင်သူ ပြဇာတ်ကို မြန်မာမှုပြုပြန်ဆိုသူမှာ မည်သူနည်း။

အစရှိတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို ဖြေတဲ့အခါမှာ အဖြေဟာတိကျဖို့ လိုအပ်ပါတယ်။ ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း – ဆိုတဲ့ ဓမ္မဓိဋ္ဌာန်မေးခွန်းကိုဖြေရင် "ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း ၁၃၀ ကျော်ကြာမြင့်သည်" လို့ဖြေရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း–ဆိုတဲ့မေးခွန်းကို "ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်" လို့ ဖြေရပါမယ်။ **စာမျက်နှာ ၁၈ သို့ »»»**

ကြေးမုံ စာအုပ်စင်

# ဦးလည်မသုန်




နိုင်စာပေက ဆရာချစ်နိုင် (စိတ်ပညာ)၏ "ဦးလည်မသုန်" အမည်ရှိ စာအုပ်ကို ထုတ်ဝေလိုက်သည်။ ဆရာချစ်နိုင် (စိတ်ပညာ) သည် ချစ်လို့ပြောတာမှတ်ပါ စာအုပ်ဖြင့် အောင်မြင်ကျော်ကြားခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ကျော် စာနယ်ဇင်းများတွင် စဉ်ဆက်မပြတ် ရေးသားနေသော ဆောင်းပါးရှင်တစ်ယောက်ဖြစ်ပေသည်။ အများအားဖြင့် လူငယ်ပရိသတ်ကို ဦးတည် ရေးလေ့ရှိခဲ့သည်။ ဦးလည်မသုန်စာအုပ်သည်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ပညာတတ် လူငယ်လူရွယ်များအတွက် လက်တွေ့အထောက်အကူရစေနိုင်မည့် အတွေးအမြင်ဗဟုသုတတို့ကို ဖော်ပြထားသည်။

မိမိနှင့်တိုင်းပြည်၊ အနာဂတ်ကို မြော်ခေါ်မြော်မြင်၊ မိသားစု တန်ဖိုး၊ ပညာလိုချင်စိတ်၊ ဆက်ဆံမှုနှင့် အောင်မြင်ရေးစသော ဆောင်းပါးရေးဟန်ဖြင့် အကြောင်းအရာ ၂၇ ပုဒ် ပါဝင်ကြောင်း တွေ့ရ သည်။ စကားပြေချောမောပြေပြစ်ပြီး အကြောင်းအရာများက ဆွဲဆောင်မှုရှိသဖြင့် စိတ်ဝင်စားဖွယ် ကောင်းသည့် စာအုပ်ဖြစ်သည်။ အုပ်ရေ ၁၀၀၀ ထုတ်ဝေပြီး စာအုပ် တန်ဖိုး ကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

## Clean up Campaign အစီအစဉ်ဖြင့် စွန့်ပစ်အမှိုက်နှင့်ရေသန့်ဘူးများ တန်ဖိုးသင့်ဝယ်ယူမှုကို ရန်ကုန်မြို့ခရိုင်သုံးနေရာတွင် ရွှေ့ပြောင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့ပြ ပတ်ဝန်းကျင်အတွင်း စွန့်ပစ်ပလတ်စတစ်အမှိုက်များ လျှော့ချနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် သန့်မြန်မာအဖွဲ့နှင့် UN.habitat အဖွဲ့တို့ ပူးပေါင်းပြီး Clean up Campaign အစီအစဉ်ဖြင့် စွန့်ပစ်အမှိုက်နှင့် ရေသန့်ဘူးများ တန်ဖိုးသင့်ဝယ်ယူမှုကို ရန်ကုန်မြို့ခရိုင် သုံးနေရာတွင် ရွှေ့ပြောင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများက အလုပ်အကိုင်အခွင့်အလမ်းအဖြစ် ပါဝင်ပူးပေါင်းလျက်ရှိကြောင်း သိရသည်။

"စွန့်ပစ်အမှိုက်တွေထဲမှာ ပလတ်စတစ်အမှိုက်တွေ ရောထွေးပါဝင်နေတာနဲ့ပတ်သက်ပြီး သီးခြားခွဲထားစွန့်ပစ်နိုင်တာကို နေ့စဉ်ဝန်ဆောင်မှုပေးနေတဲ့ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနရဲ့လုပ်ငန်းစဉ်တွေကို ပိုမိုထိရောက်အောင်မြင်စွာ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပြည်သူတွေ ပူးပေါင်းပါဝင်လာအောင် အခုလို ရွှေ့ပြောင်းဆောင်ရွက်တာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်မော်က ပြောကြားသည်။

ယခုပြုလုပ်နေသောလုပ်ငန်းစဉ်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်နိုင်ရန်၊ စိတ်ဝင်စားသူများကို ဖိတ်ခေါ်သွားနိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ယနေ့ခေတ်ရေစီးကြောင်းနှင့်အတူ ဖွံ့ဖြိုးနေသည့်ကာလတွင် နေထိုင်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ အသင့်စားကုန်ပစ္စည်းထုပ်ပိုး စနစ်များတွင် ပလတ်စတစ်ပါဝင်မှု အရေအတွက်ကို မှန်းဆရန်ပင် ခက်ခဲသည့်အတွက် ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချနိုင်ရန် နည်းလမ်းကောင်းများ ရွေးချယ်မှုအပေါ် ပြည်သူများ ပါဝင်ပူးပေါင်းနိုင်စေရန်အတွက် ယခုကဲ့သို့ မီးဖိုချောင်စရိတ်နှင့် အခြားအပိုဝင်ငွေများ အထိုက်အလျောက် ရရှိစေရန် မြို့တော်စည်ပင်၊ သန့်မြန်မာအဖွဲ့နှင့် UN. Habitat အဖွဲ့တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်က ရွှေပေါက်ကံမြို့နယ်တွင် စတင်ဝယ်ယူခဲ့သော အမှိုက်ပိဿာချိန်မှာ ၂၃၃၆ ပိဿာ၊ ဒဂုံမြို့သစ်တောင်ပိုင်း၂၂ ရပ်ကွက်တွင် အမှိုက် ၂၇၄၆ ပိဿာ၊ ဒဂုံဆိပ်ကမ်း ၉၃ ရပ်ကွက်တွင် ၅၆၇၆ ပိဿာကို ဝယ်ခဲ့ပြီး ရေသန့်ဘူးတစ်ဘူးလျှင် ၂၅ ကျပ်နှုန်း ပေးဝယ်ကာပြည်သူများအနေဖြင့် အခက်အခဲမရှိ ရောင်းချနိုင်ရန် နေရာသစ်များကို ရှာဖွေစီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် သန့်သောရေသန့်ဘူးများကိုအခြားစီးပွားရေးလုပ်ငန်းရှင်များ အသင့်ပြန်လည်အသုံးပြုနိုင်ရန်နှင့်ပြန်သုံးရန်မသင့်သောဘူးများကိုကျိုချက်ရန် ပြန်ရောင်းချကြောင်းနှင့် ကျပ် ၁၀၀ နှင့် ဝယ်ယူသောအမှိုက်များကို နောက်ဆုံးစွန့်ပစ်သည့်အမှိုက်ပုံအသီးသီးသို့ မြို့တော်စည်ပင် အဖွဲ့များက သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အမှိုက်တစ်ပိဿာ ကျပ် ၁၀၀ နှုန်းနှင့် ရေသန့်တစ်ဘူး ၂၅ ကျပ်ဖြင့် ဝယ်ခြင်းလုပ်ငန်းစဉ်များကို Pilot Project အနေဖြင့် ပြည်သူများအတွင်း ထိထိရောက်ရောက် ပါဝင်ပူးပေါင်းမှုနှင့် အခက်အခဲမရှိအောင် ဆောင်ရွက် နိုင်စေရန်အတွက် ပြည်သူများကို ပညာပေးစည်းရုံးခြင်း၊ အသိပညာဗဟုသုတများဖြန့်ဝေပြီး လိုအပ်သောပံ့ပိုးကူညီမှုများနှင့် လိုအပ်သောစီမံခန့်ခွဲမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စောသိန်းဝင်း**



❖ **ပွင့်ဖြူမှ**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူသီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မြေပဲ ၂၉၃၈ ဧက၊ နှမ်း ၆၃၁၃ ဧက၊ နေကြာ ၁၂၈၀၅ ဧက၊ ပန်းနှမ်း ၁၂၇ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံဧက ၂၂၁၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံစိုက်ခင်းများအနက် မြေပဲ ၁၈၄ ဧက ၊ နှမ်း ၆၃၁၃ ဧက ၊ နေကြာ ဧက ၁၂၀ စုစုပေါင်း ဆီထွက်သီးနှံစုံဧက ၇၀၁၇ ဧက ရိတ်သိမ်းခြွေလှေ့ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ဆီထွက်သီးနှံစုံများတွင် ဆောလျှင်စွာ စိုက်ပျိုးခဲ့တဲ့ ဆီထွက်သီးနှံစိုက်ခင်းတွေ ရိတ်သိမ်းခြွေလှေ့မှုတွေ ဆောင်ရွက်နေပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ဆိုရင် မြေပဲသီးနှံက တစ်ဧကပျမ်းမျှ ၄၈ ဒသမ ၇၂ တင်း ၊ နှမ်းသီးနှံက တစ်ဧကပျမ်းမျှ ၇ ဒသမ ၁၈ တင်း ၊ နေကြာသီးနှံက တစ်ဧကပျမ်းမျှ ၁၉ ဒသမ ၃၆ တင်း ထွက်ရှိပါတယ်။ ဒေသခံတောင်သူတွေ သီးနှံရိတ်သိမ်းခြွေလှေ့ရာမှာ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် အချိန်မီ စနစ်တကျရိတ်သိမ်းခြွေလှေ့တဲ့နည်းစနစ်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေး ၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို အသိပညာပေးဆောင်ရွက်ထားရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

❍ **မြန်မာ့လက်ရွေးစင်အသင်းမှ**

မတ်လတတိယပတ်မှသာ အစောဆုံးလေ့ကျင့်ပြင်ဆင်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အိန္ဒိယလက်ရွေးစင်အသင်း၊ ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းရန် သဘောတူညီမှုရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ်တာဝန်ယူခဲ့သည့် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် ဇန်နဝါရီလကုန်တွင် လမ်းခွဲခဲ့သဖြင့် ယင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် နည်းပြသစ်တစ်ဦး ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲသရေ သုံးပွဲရှုံးနိမ့်ခဲ့သည်။ ၂၀၂၂ ခုနှစ် မေလတွင် ဟောင်ကောင်အသင်းနှင့် ဂိုးမရှိသရေ၊ ဘာရိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ စက်တင်ဘာလတွင် ဟောင်ကောင်အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲကစားရာ ပထမပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ဒုတိယပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ ဒီဇင်ဘာလတွင် ထိုင်းအသင်းနှင့် ခြေစမ်းပွဲကစားရာ ခြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-သော်ကြီး**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

»»» **စာမျက်နှာ ၁၇ မှ**

ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကို ဖော်ပြပါ ဆိုတဲ့ မေးခွန်းကိုတော့ "ဦးပုည၏ ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းမှာ ပရိသတ် စိတ်ညွှတ်နူးဖွယ် ဖွဲ့နွဲ့ရေးသားထားသောကြောင့်ဖြစ်သည်။" လို့ဖြေရပါမယ်။

"လောကဗျူဟာကျမ်း ရေးသူ၏အမည်သည် အင်ရုံဝန်ကြီးဖြစ်သည်။"

"မဟာဆန်ချင်သူ ပြဇာတ်ကို မြန်မာမှုပြုပြန်ဆိုသူမှာ ဆရာဇော်ဂျီဖြစ်သည်။" စသည်ဖြင့် အတိအကျ ပြည့်ပြည့်စုံစုံ ဖြေရပါမယ်။

မေးခွန်း၄(ခ) ကတော့ မြန်မာစာပေသမိုင်းနဲ့ ပတ်သက်ပြီး ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းမှာ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်က စာပေအခြေအနေတွေကို စစ်မေးမှာဖြစ်ပါတယ်။ နမူနာပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် ဗုဒ္ဓစာပေဝတ္ထုများအကြောင်း ဆွေးနွေးပါ"၊ "ကိုလိုနီခေတ်သမိုင်း နောက်ခံဝတ္ထုများအကြောင်းကို ဆွေးနွေးပါ" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်တစ်ခေတ်ရဲ့ စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့လိုပါတယ်။ ဖြေဆိုရာမှာတော့ အချက်အလက်တွေကို မိမိကိုယ်ပိုင်အရေးအသားအတင်အပြနဲ့ ပြေပြေပြစ်ပြစ် ရေးသားဖြေဆိုရမှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်းလေးပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာအုပ်လေးအုပ်မှာ တစ်အုပ်ကို တစ်ပုဒ်စီ မေးမှာဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းအားလုံးဖြေဆိုဖို့ အရေးကြီးပါတယ်။ ပြဋ္ဌာန်းစာအုပ်လေးအုပ်လုံးကို စိတ်ပါဝင်စားစွာနဲ့ စနစ်တကျလေ့လာကျက်မှတ်ထားမယ်ဆိုရင် မေးခွန်းအားလုံးကို အခက်အခဲမရှိ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ထူးချွန်စွာဖြေဆိုနိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ အရောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၀-၁-၂၀၂၃ ရက်နေ့မှအဆက်)

သင်သည် ယခုအခါ ဘုရားရှင်နှင့် ဝေးကွာ၍ နေရပါသနည်းဟု မေးသည်။ အင်္ကုရနတ်သားကလည်း သူလှူဒါန်းခဲ့သောအလှူသည် သာသနာတော်တွင်းမဟုတ် သာသနာအပ မကြုံကြိုက်၍ သရဏဂုဏ်၊ ပဥ္စသီလ ပြည့်စုံသောအလှူခံတို့နှင့် မဆုံစည်း၊ မကြုံကြိုက်ဘဲ ညံ့သောအလှူခံတို့ကို လှူခဲ့ရသောကြောင့် တန်ခိုးကြီးမားသော နတ်တို့လာလျှင် ဆုတ်ပေးရကြောင်း လျှောက်ထားလေသည်။

ထို့နောက် ဘုရားရှင်သည် ဣန္ဒကနတ်သားကို ခေါ်၍ မေးမြန်းပြန်ပါသည်။ အသင်နတ်သားသည် ရှေးယခင် အတိတ်ဘဝက ညီတော်အနုရုဒ္ဓါကြွ၍ ဆွမ်းခံလာစဉ် တစ်ထပ်စာဆွမ်းကို ဆက်ကပ်လှူခဲ့သည်။ သင်သည် ယခုအခါ၌ ဘယ်ကိုမျှမရွှေ့ရဘဲ ဘုရားရှင်၏ အနီးတွင် နေရသနည်းဟု မေးလေသည်။ ဣန္ဒကနတ်သားက သူသည် အနည်းငယ်သောဆွမ်းကို ဆပ်ကပ်လှူဒါန်းသော်လည်း သာသနာတော်၌ သီလဝန်၊ ဂုဏဝန် ပုဂ္ဂိုလ်မြတ်ကို လှူဒါန်းရခြင်းအကျိုးကြောင့် မည်သို့မျှ မရွှေ့ပြောင်းရဘဲ ပကတိ မိမိနေသည့်နေရာတွင်နေရကြောင်း ပြန်လည်လျှောက်ထားလေသည်။

ဘုရားရှင်သည် ထိုနတ်သားနှစ်ပါး၏ အလှူဒါနတို့၏ အကျိုးပေးပုံ ကွာခြားပုံကို ညွှန်ပြသြဝါဒပေးလိုကြောင်း၊ အလှူလှူသောအခါ ရွေးချယ်စိစစ်လှူဒါန်းမှသာ အကျိုးရှိကြောင်း၊ လယ်မြေကောင်း၌ မျိုးစေ့ကောင်းများ စိုက်ပျိုးမှသာလျှင် ကြီးကျယ်ဖွံ့ဖြိုးသောအကျိုး ရရှိနိုင်ကြောင်း မိန့်မြွက်လေသည်။

အလှူလှူဒါန်းသောအခါ၌ ဝတ္ထုကောင်း၊ အလှူခံပုဂ္ဂိုလ်ကောင်း ဤနှစ်ရပ် စိစစ်ရွေးချယ်လှူမှ အကျိုးရှိကြောင်း ယခု အင်္ကုရလှူသော အလှူသည် မည်မျှကြီးကျယ်သော်လည်း အထက်ပါနှစ်ချက်နှင့် မပြည့်စုံခြင်းကြောင့် အကျိုးမကြီးဘဲဖြစ်ကြောင်း ဘုရားရှင်က ၎င်းတို့ကို သက်သေထူ ဟောကြားလေသည်။

ထို့နောက် ဘုရားရှင်သည် တစ်ဆင့်တက်၍ မင်္ဂဖိုလ်အထိ တရားဒေသနာကို လေးဂါထာဖြင့် ဟောကြားသည်။ ရာဂ၊ ဒေါသ၊ မောဟ၊ ကာမိစ္ဆာ ဟူသော သတ္တဝါတို့၏ အဇ္ဈတ္တအနာများကင်းသည့် အရိယာတို့ကို ပေးလှူသောဒါနသည် လူ့ရပ်နတ်ဌာန်၊ နိဗ္ဗာန်တိုင်အောင် အထောက်အပံ့အကျိုးရှိကြောင်း ဟောကြားတော်မူသည်။ ဤသို့ဖြင့် အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် သောတာပန်ဖြစ်ကြလေသည်။

**တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို သတ္တမဝါကပ်၍ ဟောကြားခြင်း**

ဘုရားရှင်သည် နတ်သားနှစ်ပါးကို တရားဟောပြီးနောက် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပေါ်၌ သတ္တမဝါကပ်တော်မူသည်။ ယင်းသို့ မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာတို့အား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစချီသော အဘိဓမ္မာခုနှစ်ကျမ်းကို ဟောကြားတော်မူသည်။ ယင်းတရားတော်ကို မရပ်နားဘဲ နေ့ညမပြတ် တောက်လျှောက် ဟောကြားတော်မူလေသည်။ ဘုရားရှင်သည် လူ့ပြည်၌ သီတင်းသုံးသကဲ့သို့ ကျင့်ဆောင်နေထိုင်တော်မူသည်။



ဘုရားရှင်သည် တရားဟောကြားနေစဉ် လူ့ပြည်ဇမ္ဗူဒိပ်ကျွန်း နေထွက်ချိန်၌ ကိုယ်တော်မြတ်နှင့် အလုံးစုံတူသော နိမ္မိတရုပ်ပွားတော်ကို ကျောက်ဖျာထက်၌ ထားတော်မူပြီး ဘုရားရှင်ကိုယ်စား ရုပ်ပွားတော်မှ တရားတော်ကို ဆက်ဟောကြားရန် အဓိဋ္ဌာန်ပြု၍ နတ်ပြည်မှ ဆင်းသက်တော်မူသည်။

ဟိမဝန္တာတော အနောတတ်အိုင်၌ နတ်များကပ်လှူထားသည့် ကွမ်းရိုးဒန်ပူကို ဝါးတော်မူပြီး ထိုအိုင်၌ ကိုယ်လက်သုတ်သင်၍ ရေသန့်စင်လေသည်။ ထို့နောက် ဘုရားရှင်သည် ဥတ္တရကုရုခေါ် မြောက်ကျွန်းသို့ ကြွတော်မူပြီး ဆွမ်းခံထွက်တော်မူသည်။ ထိုကျွန်းမှ ကျွန်းသားတို့သည် ဘုရားရှင်အား ဘုရားဟူ၍ မသိဘဲ သူတို့ကိုးကွယ်သည့် နတ်မင်းဟု ထင်မှတ်လျက် ဝမ်းမြောက်စွာဖြင့် နတ်သုဒ္ဓါကဲ့သို့ ဆွမ်းကိုကပ်လှူကြလေသည်။ ဆွမ်းကို အနောတတ်အိုင်၌ ဘုဉ်းပေးတော်မူသည်။ ထို့နောက် စန္ဒကူးနံ့သာတောသို့ကြွကာ နေသန့်တော်မူသည်။ ထိုအခါ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်နေတော်မူသော အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံသွား၍ ဝတ်ကြီးဝတ်ငယ်ပြုစုလေသည်။

ဘုရားရှင်သည် အရှင်သာရိပုတ္တရာအား ဤမျှသော အဘိဓမ္မာတရားများကို ဟောကြားပြီးပြီဖြစ်၍ သူ၏တပည့်များအား အကျဉ်းချုပ်ကို ဟောကြားရန် နည်းပေးညွှန်ကြားလေသည်။ အရှင်သာရိပုတ္တရာသည် ဘုရားရှင်မှတစ်ပါး ဉာဏ်ပညာအကြီးမားဆုံးရှိသူဖြစ်၍ ဘုရားရှင်ဟောကြားသော အဘိဓမ္မာတရားတို့ကို နည်းပေါင်း ထောင်မကဖြင့် ချဲ့ထွင်၍ အကျယ်ကို သိတော်မူသည်။ ဘုရားရှင်သည် နေ့အခါ၌နေ့သန့်၍ ညအခါ နိမ္မိတဟောကြားထားသည့်တရားကို ဆက်ဟောလေသည်။

အရှင်သာရိပုတ္တရာသည် သူ့နေရာသို့ ပြန်ကြွပြီး သူ၏တပည့်ငါးရာအား ဘုရားရှင်ဟောကြားသည့် အဘိဓမ္မာအကျဉ်းကိုချဲ့၍ ဉာဏ်ဖြင့် မကျဉ်းမကျယ် အလယ်အလတ်တရားတော်ကို ဟောကြားပြသလေသည်။ သူ၏ တပည့်ငါးရာကလည်း ရှေးယခင် လင်းနို့သားငါးရာဖြစ်စဉ်က အဘိဓမ္မာတရားကို နာဖူး၍ အရှင်သာရိပုတ္တရာ ဟောကြားသည့် အဘိဓမ္မာကို တစ်ခေါက်တည်းဖြင့် မှတ်သားနားလည်ကြလေသည်။

ဘုရားရှင်သည် နေ့စဉ် ဤသို့အားဖြင့် နတ်ပြည်၌ နိမ္မိတရုပ်ပွားတော်ထားပြီး လူ့ပြည်၌ နေ့သန့်ကာ ညအခါမှ နတ်ပြည်သို့တက်သည်။ ရှေးကနည်းအတိုင်း အရှင်သာရိပုတ္တရာကို နတ်ပြည်၌ ဟောထားသည့် အဘိဓမ္မာအကျဉ်းကို ဟောကြားပြသပေးသည်။

အရှင်သာရိပုတ္တရာကလည်း ဘုရားရှင်က သူ့အား ဟောကြားပြသော အဘိဓမ္မာအကျဉ်းကို ချဲ့၍ သူ့တပည့်များအား မကျဉ်းမကျယ် ဟောကြားလေသည်။ ဤသို့ဖြင့် အဘိဓမ္မာတရားကို ဘုရားရှင်သည် နတ်ပြည်၌ ဟောကြားရာ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လူ့ပြည်၌လည်း အရှင်သာရိပုတ္တရာက ဟောကြားသည့် အဘိဓမ္မာခုနစ်ကျမ်းသည် ပြီးဆုံးခြင်းသို့ ရောက်လေသည်။

ဘုရားရှင်သည် နတ်ပြည်၌ အဘိဓမ္မာခုနစ်ကျမ်းကိုဟောကြားရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသွားလေသည်။ မယ်တော်မိနတ်သားသည်လည်း သောတာပန်ဖြစ်သွားလေသည်။ ကုဋေမကသော နတ်ဗြဟ္မာအပေါင်းတို့သည်လည်း သစ္စာလေးပါးကို သိမြင်တော်မူလေသည်။

**ပရိသတ်များ သင်္ကဿနဂိုရ်ပြည်သို့ ပြောင်းရွှေ့ခြင်း**

လူ့ပြည် သာဝတ္ထိပြည်၌လည်း ဘုရားရှင်တန်ခိုးပြာဋိဟာပြတော်မူခဲ့သည့် ယူဇနာသုံးဆယ်မျှရှိသော ပရိသတ်တို့သည် စူဠအနာထပိဏ်သူဌေး ကျွေးမွေးသည်ကို စားသောက်လျက် အရှင်မောဂ္ဂလာန် ဟောကြားသောတရားကို နာလျက်ရှိကြသည်။

၎င်းပရိသတ်တို့သည် သီတင်းကျွတ်လဆန်း ၈ ရက်နေ့ ရောက်သောအခါ အရှင်မောဂ္ဂလာန်အား ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဘယ်နေ့ပြန်ဆင်းမည်ကိုလည်း သိလိုကြောင်း၊ ဘုရားရှင်ကို ဖူးမြော်ပြီး သူတို့နေရာကို ပြန်မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ဤသို့ဖြင့် သိအောင် ဆောင်ရွက်ပေးတော်မူပါဟု အရှင်မောဂ္ဂလာန်အား လျှောက်ထားကြလေသည်။

အရှင်မောဂ္ဂလာန်သည် မြေကြီးမှ ငုပ်လျှိုး၍ သူ၏တန်ခိုးဖြင့် မြင်းမိုရ်တောင်အလယ်သို့ ရောက်သောအခါ မြင်းမိုရ်တောင်ကိုဖောက်၍ တာဝတိံသာနတ်ပြည် ဘုရားရှင်ရှိရာသို့ ကြွသွားတော်မူလေသည်။ ပရိသတ်အပေါင်းသည် မထေရ်ပျောက်၍သွားသည်ကို မြင်လိုက်ရသည်။ အရှင်မောဂ္ဂလာန်သည် ဘုရားရှင်ထံသို့ ရောက်သောအခါ ချဉ်းကပ်၍ လူပရိသတ်အပေါင်းတို့က အရှင်ဘုရား ဘယ်နေ့နတ်ပြည်မှ ပြန်ဆင်းမည်ကို သိပြီး ဖူးမြော်ပြီးမှ သူတို့နေရာကို ပြန်မည်ဖြစ်ကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်ကလည်း အရှင်မောဂ္ဂလာန်အား သင်၏နောင်တော် အရှင်သာရိပုတ္တရာသည် ဘယ်အရပ်၌ ဝါကပ်တော်မူသည်ကို မေးလေသည်။ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်သည်ဟူ၍ လျှောက်ထားလေသည်။ ဘုရားရှင်သည် ထိုအခါ၌ အရှင်မောဂ္ဂလာန်အား သူသီတင်းကျွတ်လပြည့် ပဝါရဏာနေ့တွင် သင်္ကဿနဂိုရ်ပြည်၏ တံခါး၌ ဆင်းသက်မည်ဖြစ်ကြောင်း၊ သူ့အား ဖူးမြော်လိုသူများသည် ဤနေရာတွင် လာစောင့်ဟု မိန့်မြွက်လေသည်။

သာဝတ္ထိပြည်နှင့် သင်္ကဿနဂိုရ် တံခါးတို့သည် ယူဇနာသုံးဆယ်ကွာဝေးသည်။ ဤသို့လာရာ၌ စားနပ်ရိက္ခာများ ယူဆောင်စရာမလို၊ ရွာဦးကျောင်း၊ မြို့ဦးကျောင်းသို့ ဥပုသ်ဆောက်တည်ပြီး လာသလို ရိက္ခာများ ယူဆောင်ရန်မလိုကြောင်း ဘုရားရှင်က ထပ်မံမိန့်ကြားလေသည်။

အရှင်မောဂ္ဂလာန်ကလည်း အသွားကကဲ့သို့ မြင်းမိုရ်တောင်မှဖောက်၍ မြေပြင်သို့ သက်ဆင်းပြီး သူ၏ပရိသတ်အပေါင်းတို့အား ဘုရားရှင် မိန့်မှာကြားသည့်အတိုင်း ပြန်ပြောပြလေသည်။ လူအပေါင်းတို့ကလည်း သီတင်းကျွတ်လဆန်း ၉ ရက်နေ့မှစ၍ သင်္ကဿနဂိုရ်ပြည်သို့ ထွက်ခွာသွားကြလေသည်။ ။(ဆက်လက်ဖော်ပြပါမည်)

> ဘုရားရှင်သည် ထိုနတ်သားနှစ်ပါး၏ အလှူဒါနတို့၏ အကျိုးပေးပုံ ကွာခြားပုံကို ညွှန်ပြသြဝါဒပေးလိုကြောင်း၊ အလှူလှူသောအခါ ရွေးချယ်စိစစ်လှူဒါန်းမှသာ အကျိုးရှိကြောင်း၊ လယ်မြေကောင်း၌ မျိုးစေ့ကောင်းများ စိုက်ပျိုးမှသာလျှင် ကြီးကျယ်ဖွံ့ဖြိုးသောအကျိုး ရရှိနိုင်ကြောင်း မိန့်မြွက်။ အလှူလှူဒါန်းသောအခါ၌ ဝတ္ထုကောင်း၊ အလှူခံပုဂ္ဂိုလ်ကောင်း ဤနှစ်ရပ် စိစစ်ရွေးချယ်လှူမှ အကျိုးရှိ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၇၆ ဆူ | ၁၄၄ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၅ ခန်း | ၃၈၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၈၀ ကျင်း | ၂၀၃၉. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၃ ကျင်း | ၁၄၁၃. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃၆ စုံ | ၄၆၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၂၅)၊ အခန်းအမှတ်(၁၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ဝင်း (WMDY ၂၇၆၂၈၉)ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးတင့်ဆွေ [၁၄/ဝခမ(နိုင်)၁၃၅၁၄၈] က ၎င်းအမည်ဖြင့် အမည်ပြောင်း တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁)၊ လူနေရပ်ကွက်အမှတ်(၇)ရပ်ကွက်၊ တေးဥယျာဉ်(၆)လမ်း၊ အမှတ်(၅၈၄/ခ) (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော မြေအကျယ်ပေ (၁၀x၆၀) အိမ်ခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် နှစ်(၆၀) ဂရန်အမည်ပေါက် ဦးစိန်ဖေ ပိုင်ဆိုင်ကြောင်း၊ ၎င်းထံမှ အဆင့်ဆင့်လွှဲပြောင်းဆက်ခံရရှိခဲ့သူ၊ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူမှာ ၎င်းတစ်ဦးတည်းဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှဝတ်ရည် [၁၂/လသယ(နိုင်)ဝ၆၄၃၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မိုး [၁၂/မရက(နိုင်)ဝ၄၇၁၇၅]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဇော်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမွန်သင်း (LL.B, C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၇၃၃)**
**အမှတ်(၄၄၈)၊ မင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ**
**(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၄၈၂၃၄၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-စီ၊ မြေကွက်အမှတ် ၁၁၄၊ ဧရိယာ(၀.၀၂၃) ဧက၊ မြေကွက်တည်နေရာအမှတ်(၃၀)၊ ပိတောက်လမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်ဝေမာလွင်(O/RGN-၀၀၆၄၇၈) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဝေမာလွင် (O/RGN ၀၀၆၄၇၈) [၁၂/ပဇတ(နိုင်)၀၀၅၈၄၆] မှ ပါမစ်မူရင်းတွင် ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ် စာရွက်၊ မြေနေရာချထားပေးခံရသူများ၏ မိခိုသူများစာရင်းစာရွက်တို့ မူရင်း တင်ပြနိုင်ပြီး (အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက် မိတ္တူသာ တင်ပြကာ မူရင်းတင်ပြနိုင်ခြင်းမရှိခြင်းနှင့် ပတ်သက်၍ ကျမ်းကျိန်လွှာ တင်ပြ၍) ပါမစ်မစုံဖြင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်သစ်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**သွေးသည် အသက်**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁၀၅) နေ ဦးဝင်းအောင် [၁၂/ကမရ(နိုင်)၀၀၈၂၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ ဖခင် ဦးစိုးတင့် (ဒီစီ-၀၁၂၄၁၈) သည် ဦးချိန်တီဆေးတိုက်မှ အစာကြေဆေးလုံးများကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၃၁၆၈/၂၀၀၄ (၁၁-၆-၂၀၀၄) ဖြင့် မှတ်ပုံတင်သွင်းထားသော အောက်တွင်ကပ်နှိပ်ဖော်ပြထားသည့် "သမားတော်ဇီဝက" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါသည် -

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်သည် ၎င်း၏ဖခင်မကွယ်လွန်မီက ဦးချိန်တီဆေးတိုက်လုပ်ငန်းကို ၎င်းအား အပြီးအပိုင်လွှဲပြောင်းပေးခဲ့သဖြင့် ဖခင်မကွယ်လွန်မီကတည်းကလည်းကောင်း၊ ကွယ်လွန်ပြီးနောက်ပိုင်းတွင် လည်းကောင်း၊ မိမိ၏အမည်ဖြင့် လုပ်ငန်းလိုင်စင်၊ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်တို့ကို ဥပဒေနှင့် အညီ လျှောက်ထားရယူပြီး ဦးချိန်တီဆေးတိုက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရာ၌ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးနေသောဆေးများကို ယနေ့တိုင်ဆက်လက်ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေက အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း တရားဝင်သုံးစွဲအသုံးပြုရန်အတွက် အောက်တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင် စာချုပ်အမှတ်- ၄/၈၂၉၁/ ၂၀၂၂ ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-




**စာချုပ်အမှတ်- ၄/၈၂၉၁/၂၀၂၂**

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင်အနေဖြင့် အထက်ဖော်ပြပါ "သမားတော်ဇီဝက" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အစာကြေဆေးလုံးကို ဦးချိန်တီဆေးတိုက်မှ ထုတ်လုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည့်အပြင် အဆိုပါဆေးများ ထည့်သွင်း ထုပ်ပိုးပတ်နှောင်သည့် ပစ္စည်းအမျိုးမျိုး၊ ယာဉ်အမျိုးမျိုး၊ ကြော်ငြာအမျိုးမျိုး၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး အစရှိသည်တို့တွင်လည်း အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူကူးယူ၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားတုပ ပြုလုပ်သုံးစွဲအသုံးပြုနေသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရ လည်းကောင်း၊ ရာဇဝတ်ကြောင်းအရ လည်းကောင်း တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ယု**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၆၉၈)**
**အမှတ်-၂၉၊ တတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၇-လမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃-စီ)၊ မြေကွက်အမှတ်(၁၆၈/ဘီ+၁၈၇)၊ မြေဧရိယာ(၀.၀၃၃)ဧကရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်တင်တင်အေးနှင့် ဦးကျော်စိန်တို့ ပူးတွဲ အမည်ပေါက်ပိုင်ဆိုင်ပြီး နေအိမ်အပါအဝင် မြေထက်ဝက်ပိုင်ဆိုင်သူ ဦးကျော်စိန် (ကွယ်လွန်)၏ ဆက်ခံသူ သားသမီးများဖြစ်ကြသော ဒေါ်နီနီဝင်းကျော် [၁၂/သကတ(နိုင်)၁၂၇၆၈၄] ပါ-၅ ဦးတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှအေး [၁၂/တမန(နိုင်)၁၀၉၈၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

